# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ပဉ္စမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၂ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၆ |
| ၄ | အလယ်တန်းပြရာထူးတိုးမြှင့်ပေးရာတွင် P.P.T.T နှင့် D.T.Ed လက်မှတ်ရများ၏ ရာထူးတိုး အခွင့်အရေးကို မျှတစွာဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၅ | ဒလမြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင် အသစ်(၂၀၀ x ၃၀) ပေ နှစ်ထပ်ဆောင်နှင့် ညောင်ပင်ကျေးရွာအုပ်စု၊ ဂတ်ရွာတွင်မူလတန်းကျောင်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၆ | ချင်းပြည်နယ်၊ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ် နှစ်ခုပေါင်း၍ တီးတိန်ခရိုင်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၇ | တပ်မတော်အစိုးရလက်ထက် ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများ၏ လုပ်ငန်းများအတွက် သိမ်းဆည်း ခဲ့သည့် မြေယာများအနက် ယခုအချိန်ထိ မူလပိုင်ရှင်များသို့ ပြန်လည်အပ်နှံပြီးသည့် မြေကေများကို ရှင်းလင်း ပြန်ကြားပေးရန်နှင့် ပြန်လည်အပ်နှံသည့်မြေယာများကို မူလပိုင်ရှင်များ သို့သာ တိုက်ရိုက်အပ်နှံရန် တာဝန်ရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီး အတွင်း သက်ဆိုင်ရာဌာနများက ပြန်လည် အပ်နှံသည့်မြေယာများကို မူလပိုင်ရှင်များသို့ တိုက်ရိုက်အပ်နှံခြင်းမပြုဘဲ နိုင်ငံတော်စီမံကိန်း အကျိုးပြု လုပ်ငန်းများ အသုံးပြုရန် တင်ပြဆောင်ရွက်ခဲ့ခြင်းကို ရှင်းလင်း ဖြေကြား ပေးရန် တို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၈ | မိုးမိတ်ခရိုင် မြို့သစ်တည်ဆောက်မှုကိစ္စ မည်ကဲ့သို့ ဆက်လက် ဆောင်ရွက်ထားသည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း | ၃၃ |

၉ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ အခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက မည်သို့အရေးယူ ဆောင်ရွက် မည်နှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရပါက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ခွင့်ပြုချက်လို/မလို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း ၃၆

၁၀ အာဟာရပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်သောစားကျက်မြေများ ဖြစ်ပေါ်စေရေးအတွက် စားကျက်မြေများကို လက်ရှိစီမံခန့်ခွဲနေသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ လုပ်ငန်းဆက်စပ်မှုရှိသော မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အောက်သို့ လွှဲပြောင်းပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း ၄၀

၁၁ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၉၁

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# ပဉ္စမနေ့ အစီအစဉ်

# (၁၉-၁၁-၂၀၁၉) (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကော်မတီများတွင် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ် ဖွဲ့စည်းခြင်း နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း-

(က) ဦးပွဲ့ဒူ၊ ဖရူဆို မဲဆန္ဒနယ်၏ **အလယ်တန်းပြရာထူးတိုးမြှင့်ပေးရာတွင် P.P.T.T နှင့် D.T.Ed လက်မှတ်ရများ၏ ရာထူးတိုးအခွင့်အရေးကို မျှတစွာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **ဒလမြို့၊ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းဆောင်အသစ် (၂၀၀ x ၃၀)ပေ နှစ်ထပ်ဆောင်နှင့် ညောင်ပင်ကျေးရွာအုပ်စု၊ ဂတ်ရွာတွင် မူလတန်းကျောင်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခမ်ခန့်ထန်၊ တွန်းဇံ မဲဆန္ဒနယ်၏ **ချင်းပြည်နယ်၊ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ် နှစ်ခုပေါင်း၍ တီးတိန်ခရိုင်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **တပ်မတော်အစိုးရလက်ထက် ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများ၏ လုပ်ငန်းများအတွက် သိမ်းဆည်းခဲ့သည့် မြေယာများအနက် ယခုအချိန်ထိ မူလပိုင်ရှင်များသို့ ပြန်လည်အပ်နှံပြီးသည့် မြေဧကများကို ရှင်းလင်းပြန်ကြားပေးရန်နှင့် ပြန်လည်အပ်နှံသည့် မြေယာများကို မူလပိုင်ရှင်များသို့သာ တိုက်ရိုက်အပ်နှံရန် တာဝန်ရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာဌာနများက ပြန်လည်အပ်နှံသည့် မြေယာများကို မူလပိုင်ရှင်များသို့ တိုက်ရိုက်အပ်နှံခြင်း မပြုဘဲ နိုင်ငံတော်စီမံကိန်း အကျိုးပြုလုပ်ငန်းများ အသုံးပြုရန် တင်ပြဆောင်ရွက်ခဲ့ခြင်းကို ရှင်းလင်းဖြေကြားပေးရန်** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးတိုးသောင်၊ မိုးမိတ် မဲဆန္ဒနယ်၏ **မိုးမိတ်ခရိုင် မြို့သစ်တည်ဆောက်မှုကိစ္စ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိန်ဗိုလ်၊ မြဝတီ မဲဆန္ဒနယ်၏ **ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ အခန်း (၅) ပါ**

**လိုက်နာ စောင့်ထိန်းရမည့် ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက မည်သို့အရေးယူ ဆောင်ရွက်မည်နှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရပါက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ခွင့်ပြုချက် လို၊ မလို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၏ **အာဟာရပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်သော စားကျက်မြေများဖြစ်ပေါ်စေရေးအတွက် စားကျက်မြေများကို လက်ရှိ စီမံခန့်ခွဲနေသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ လုပ်ငန်းဆက်စပ်မှု ရှိသော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအောက်သို့ လွှဲပြောင်းပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က တင်သွင်းသည့် **“မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၊

(ခ) ဦးစောဇစ်တာခလိုက်၊ သံတောင်ကြီး မဲဆန္ဒနယ်၊

(ဂ) ဦးရွှေကို၊ ကျောက်ပန်းတောင်း မဲဆန္ဒနယ်၊

(ဃ) ဦးစိန်မြင့်၊ မြင်းခြံ မဲဆန္ဒနယ်၊

(င) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(စ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၊

(ဆ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(ဇ) ဦးတိုးဝင်း၊ တာမွေ မဲဆန္ဒနယ်၊

(ဈ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၊

(ည) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ဋ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၊

(ဌ) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၊

၉။ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ပဉ္စမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်**

**(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့အစီအစဉ် စတင်ပါတော့မယ်။

မူကြမ်း

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ မင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၂ ဦးရှိသည့်အနက် ၃၉၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၅၁ ရာခိုင်နှုန်း ရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

မူကြမ်း

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဒေါက်တာစောနိုင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၂ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၁ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၅ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ဇီးကုန်းဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၄ ရက်၊

(၂) နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၃) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၄ ရက်၊

(၄) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှငွေဝင်း ခွင့် ၄ ရက်၊

(၅) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် ၄ ရက်၊

(၆) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၂ ရက်၊

(၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၄ ရက်၊

(၈) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၄ ရက်၊

(၉) ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၁၀) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၁) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊

(၁၂) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၁၃) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊

(၁၄) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျူး ခွင့် ၄ ရက်၊

(၁၅) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊

(၁၆) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၁၇) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ခွင့် ၁ ရက်၊

(၁၈) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၁၉) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၄ ရက်

(၂၀) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၃ ရက်၊

(၂၁) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊

(၂၂) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ခွင့် ၅ ရက်၊

(၂၃) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

မူကြမ်း

(၂၄) ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၁ ရက်၊

(၂၅) ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာထွန်းလင်းမော် ခွင့် ၁ ရက်၊

(၂၆) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊

(၂၇) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၁ ရက်၊

(၂၈) ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ခ)ဆလိုင်းရန်းဗယ် ခွင့် ၁ ရက်၊

(၂၉) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်ခွင့် ၁ ရက်၊

(၃၀) ရန်းပြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ခွင့် ၁ ရက်၊

(၃၁) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၃၂) တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦးမှ ခွင့် ၃ ရက်၊

(၃၃) တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်လင်းမှ ခွင့် ၃ ရက်၊

(၃၄) ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် ခွင့် ၁ ရက်နှင့်

(၃၅) ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းမှ ခွင့် ၂ ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ကော်မတီများတွင် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင်

ဗိုလ်မှူးချုပ်အောင်ကျော်ငြိမ်းအစား ဗိုလ်မှူးချုပ်တင်ဆန်းအားလည်းကောင်း၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီမှ အဖွဲ့ဝင်ဗိုလ်မှူးကြီးနေလင်းအစား ဗိုလ်မှူးချုပ်တင်ဆန်းနိုင်အား လည်းကောင်း အစားထိုးလဲလှယ်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကသဘောတူတဲ့အတွက် ကော်မတီအဖွဲ့ဝင်များ အစားထိုး လဲလှယ်ဖွဲ့စည်းခြင်းကို အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အလယ်တန်းပြရာထူးတိုးမြှင့်ပေးရာတွင် P.P.T.T နှင့် D.T.Ed လက်မှတ်ရများ၏ ရာထူးတိုး အခွင့်အရေးကို မျှတစွာဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပဲ့ဒူ(ဖရူဆိုမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဖရူဆို မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပဲ့ဒူဖြစ်ပြီး ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်း

ကတော့ အလယ်တန်းပြရာထူးတိုးမြှင့်ရာတွင် P.P.T.T နှင့် D.T.Ed လက်မှတ်ရများတို့၏ ရာထူးတိုး အခွင့်အရေးမျှတစွာ ဆောင်ရွက်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အတွင်းရှိ အခြေခံပညာ ကျောင်းမှ ဆရာဆရာမများ၏ တွေ့ဆုံပွဲများအား မြို့နယ်အလိုက်ဆောင်ရွက်ခဲ့ရာ အခြေခံပညာ ဆရာ/ဆရာမများမှ ၂၀၁၉ ခုနှစ်တွင်ထုတ်ပြန်ခဲ့သည့် အလယ်တန်းပြ ရာထူးတိုးစာရင်းသည် D.T.Ed လက်မှတ်ရဆရာမများအနေဖြင့် ရာထူးတိုးစနစ်နစ်နာမှုများစွာ ရှိနေသဖြင့် တရားမျှတစွာ ဆောင်ရွက်ပေးစေလိုသည်ဟု တင်ပြခဲ့ကြောင်းသိရှိရပါတယ်။ အလယ်တန်းပြရာထူးတိုးမြှင့်ရာတွင် D.T.Ed လက်မှတ်ရဆရာဆရာမများအနေဖြင့် အောက်ပါအချက်များတင်ပြထားသည်ကို သိရှိရ ပါတယ်။

(၁) D.T.Ed လက်မှတ်ရဆရာဆရာမများအနေဖြင့် အလယ်တန်းပြလက်မှတ်ရရှိထား သော်လည်း အလယ်တန်းပြရာထူးတိုးမြှင့်ခန့်ထားရာတွင် P.P.T.T လက်မှတ်ရဆရာဆရာမများ ကိုသာ ဦးစားပေးခန့်ထား၍နစ်နာခြင်း၊ (၂) တာဝန်ချထားရာတွင် D.T.Ed လက်မှတ်ရဆရာဆရာမ များအား ဝေးလံပြီးလူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ချထား၍ P.P.T.T လက်မှတ်ရဆရာ ဆရာမများအား မြို့နှင့်နီးရာဒေသများတွင်သာ တာဝန်ချထားပြီး ရာထူးတိုးမြှင့်ပေးရာတွင် P.P.T.T လက်မှတ်ရဆရာဆရာမများအား ဦးစားပေးတိုးမြှင့်ခြင်းဖြစ်၍ တရားမျှတမှုမရှိခြင်း၊ (၃) ရာထူး တိုးမြှင့်ပေးရာတွင်လည်း ဝန်ထမ်းလုပ်သက်ရမှတ်တူပါက အသက်ကြီးသူကိုဦးစားပေးထားသဖြင့် D.T.Ed လက်မှတ်ရဆရာဆရာမများအနေဖြင့် အသက်အရွယ်ငယ်ရွယ်သူများပြားသောကြောင့် နစ်နာခြင်း။ သို့ဖြစ်ရာ ရာထူးတိုးမြှင့်ခန့်ထားခြင်းများဆောင်ရွက်ရာတွင် ပြည်ထောင်စုမှချမှတ်

ထားသည့်မူဝါဒများနှင့်ပတ်သက်၍ အားနည်းချက်များအား ပြန်လည်သုံးသပ်ပြီးပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်သွားရန်အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းပို့သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ကယားပြည်နယ်၊ ဖရူဆိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးပဲ့ဒူ၏မေးခွန်းဖြစ်သော အလယ်တန်းပြရာထူးတိုးမြှင့်ပေးရာတွင် P.P.T.T နှင့် D.T.Ed လက်မှတ်ရများ၏ ရာထူးတိုးအခွင့်အရေးမျှတစွာဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး လုပ်ငန်းခွင်အကြိုဆရာအတတ်သင်ပညာဒီပလိုမာ(D.T.Ed) နှစ်နှစ်သင်တန်းဆင်းများကို ဆရာသင်ပညာဒီပလိုမာသင်တန်းဆင်းလက်မှတ်ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ ထိုနည်းတူစွာ တက္ကသိုလ်များမှဘွဲ့၊ သင်ကြားရေးဆိုင်ရာဘွဲ့တစ်ခုခုရရှိပြီး မူလတန်းဆရာအတတ်သင်ပညာ P.P.T.T တစ်နှစ်သင်တန်းမှသင်တန်းဆင်းများကိုလည်း မူလတန်းပညာအတတ်ပညာသင်တန်းဆင်းလက်မှတ်ပေးအပ်ချီးမြှင့်ပါတယ်။

အဆိုပါ P.P.T.T သင်တန်းဆင်းများနှင့် D.T.Ed သင်တန်းဆင်းများအား အခြေခံပညာဦးစီးဌာနလက်အောက်ရှိ အခြေခံပညာကျောင်းများသို့ မူလတန်းပြဆရာဆရာမများအဖြစ် စတင်ခန့်အပ်တာဝန်ပေးပြီး လုပ်သက်နှစ်နှစ်ပြည့်တဲ့အခါ အလယ်တန်းပြရာထူးသို့ တန်းတူရာထူးတိုးလျှောက်လွှာတင်ခွင့်ပြုပါကြောင်း တင်ပြအပ်ပါတယ်။ ဒီလို ရာထူးတိုးလျှောက်လွှာတင်လျှောက်ထားရာမှာ P.P.T.T သင်တန်းဆင်းများအနေနဲ့ မူလတန်းဆရာအတတ်သင်ပညာသင်တန်းဆင်းလက်မှတ်ရရှိခဲ့ပြီး တက္ကသိုလ်တစ်ခုခုမှ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တ၊ ဘဝအတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ၊ ပန်းချီ၊ ဂီတပညာဆိုင်ရာဘွဲ့ရရှိသူများ ဖြစ်ကြပါတယ်။

ထိုနည်းတူစွာ D.T.Ed သင်တန်းဆင်းများက တက္ကသိုလ်မှဘွဲ့ရရှိခြင်းမရှိသေးသော်လည်း ဆရာအတတ်သင်ပညာဒီပလိုမာသင်တန်းဆင်းလက်မှတ် ရရှိပြီးဖြစ်ပါတယ်။ ဒီအတွက်ကြောင့် အလယ်တန်းပြရာထူးတိုး အခွင့်အရေးကို တန်းတူလျှောက်ထားခွင့်ပြုထားပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် မူလတန်းပြမှ အလယ်တန်းပြသို့ ရာထူးတိုးဆောင်ရွက်ရာတွင် ဆန္ဒပြုလျှောက်ထားကြတဲ့ P.P.T.T သင်တန်းဆင်းနှင့် D.T.Ed သင်တန်းဆင်း မူလတန်းပြဆရာဆရာမများအား ရာထူးတိုးမှုတစ်ခုတည်း၊ တန်းစီဇယားတစ်မျိုးတည်းရေးဆွဲပြီး လုပ်သက်ရမှတ်၊ တန်းစီဇယား၊ မဲများရမှတ်၊ ဆန္ဒပြုဒေသရဲ့လစ်လပ်မှုအပေါ်မူတည်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆန္ဒပြုလျှောက်ထားသူများဟာ တူညီသောကျောင်းတစ်ကျောင်းတည်းကို ပြိုင်တူလျှောက်ထားလာတဲ့အခြေအနေမျိုးမှာ လုပ်သက်ရမှတ်တူညီနေတယ်ဆိုရင်တော့ လက်ရှိရာထူးမှ

အလုပ်ဝင်ရက်စွဲ၊ မွေးသက္ကရာဇ်၊ ကျောင်းအဆင့်၊ ကျောင်းတည်နေရာ၊ လက်ရှိကျောင်းတွင် အမှုထမ်းဆောင်သက် အစရှိသည်တို့ကို အဆင့်ဆင့်စိစစ်ဆောင်ရွက်ရပါကြောင်းနှင့် ရာထူးတိုးသာတူညီမျှရှိစေရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ဆောင်ရွက်ပြီးတန်းစီဇယားများကို ပညာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒလမြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင်အသစ်(၂၀၀ x ၃၀) ပေ နှစ်ထပ်ဆောင်နှင့် ညောင်ပင်ကျေးရွာအုပ်စု၊ ဂတ်ရွာတွင်မူလတန်းကျောင်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒလမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒလမြို့နယ်ရဲ့ ပညာရေးနှင့်ပတ်သက်တဲ့ လိုအပ်ချက်များကို မေးခွန်းမေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် မေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒလမြို့၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းသား ၂၀၀၆ ဦးရှိပြီး စာသင်ခန်း ၂၂ ခန်း ရှိပါတယ်။ ဒါပေမဲ့ စာသင်ခန်းတစ်ခန်းဟာ ကျောင်းသား ၄၀ ကျော်အတွက်ဆံ့ပေမယ့် လက်တွေ့မှာတော့ ပုံမှာပြထားတဲ့အတိုင်း ကျောင်းသူကျောင်းသား ၈၀ ကျော်နှင့်ကြပ်တည်းစွာ ပညာသင်ကြားနေကြရပါတယ်။ အဓိကပြဿနာကတော့ ကျောင်းသားဦးရေနှင့် စာသင်ခန်းမလုံလောက်တာ ဖြစ်ပါတယ်။ ဒါကြောင့် နှစ်ချိန် ကျောင်းဖြင့်ပညာသင်ကြားပေးနေရခြင်း ဖြစ်ပါတယ်။ ကျောင်းအုပ်ဆရာမကြီးက

ကျောင်းသားဦးရေအရ စာသင်ကြားပေးနိုင်ဖို့ အလျား ၂၀၀ ပေ x အနံ ၃၀ ပေရှိတဲ့ တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ဖို့ပုံမှာပါတဲ့စာအရ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်ကတည်းက သက်ဆိုင်ရာသို့တင်ပြထားကြောင်း သိရပါတယ်။ မြေပိုင်ဆိုင်မှုပုံစံ(၁၀၅)လည်းရပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ပုံမှာပြထားတဲ့မြေနေရာမှာ ယနေ့တိုင် အကောင်အထည်မဖော်နိုင်သေးကြောင်း ကျောင်းကိုသွားရောက်လေ့လာရာမှာ သိခဲ့ရပါတယ်။

နောက်အကြောင်းအရာတစ်ခုကတော့ ဖော်ပြထားတဲ့မြေပုံပါ ဒလမြို့နယ်၊ ညောင်ပင်ကျေးရွာအုပ်စု၊ ဂတ်ရွာမှာရှိတဲ့ မူလတန်းကျောင်းသူကျောင်းသားများအတွက် အစိုးရကျောင်းဆောင်မရှိတဲ့ဒုက္ခပဲ ဖြစ်ပါတယ်။ ရွာကကျောင်းသူကျောင်းသားတွေဟာ နီးစပ်ရာရွာတွေဖြစ်တဲ့ ငါးဖော်၊ ညောင်ပင်၊ အနိုးချောင်ကြီးစတဲ့ ရွာများသို့ ကျောင်းတက်ရန် မိုးတွင်းကာလရေရှိချိန်မှာ လှေ၊ သမ္ဗန်များဖြင့် အသက်အန္တရာယ်ကိုရင်း၍လည်းကောင်း၊ နွေမှာကသင်းရိုးနှင့်လယ်ကွင်းကိုဖြတ်ပြီး ခက်ခဲပူပြင်းမှုနှင့် မြွေဆိုး၊ ပိုးမွှားအန္တရာယ်ကို အမှုမထားဘဲ သွားရောက်ပညာသင်ကြားနေရပါတယ်။ ရွာမှာမူလတန်းကျောင်းသားဦးရေ၊ ကျောင်းသူဦးရေ ၃၇ ဦးထိရှိကြောင်း ရွာဆင်းတဲ့အခါမှာသိခဲ့ရပါတယ်။

ထူးခြားတာက ဂတ်ရွာမှာရှိတဲ့ရွာမိရွာဖ၊ ကျောင်းသားမိဘတွေက ပညာရေးအတွက် အလွန်စိတ်ထက်သန်တက်ကြွကြတော့ ရွာမှာအစိုးရက စာသင်ကျောင်းဆောက်ပေးဖို့ မြို့နယ်ပညာရေးမှူးရုံးသို့လိပ်မူပြီး အကူအညီတောင်းကြတဲ့အပြင် ဒလမြို့နယ်ဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံသို့လည်း စာဖြင့်ပေးပို့တင်ပြခဲ့ကြပါတယ်။ မြေအလှူရှင်ဒေါ်စန်းရီကလည်း ကျောင်းဆောက်ဖို့အတွက် သူပိုင်မြေကိုစာချုပ်ချုပ်ဆိုလှူဒါန်းထားတဲ့အပြင်အဲဒီမြေပေါ်မှာ ရွာသူရွာသားများက အလျားပေ ၄၀ x အနံပေ ၂၀ ရှိတဲ့ ဓနိမိုး၊ ထရံကာထားတဲ့

ကိုယ်ထူကိုယ်ထဆောက်ပြီး ကလေးတွေစာသင်နိုင်ဖို့ ဆရာဆရာမတွေလည်း ငှားရမ်းပြီး ဖြစ်တယ်လို့ သိရပါတယ်။ ဒါပေမဲ့လည်း ပညာရေးဌာနက ထိရောက်တဲ့အကူအညီများ မပေး သေးကြောင်း အားမလိုအားမရဖြစ်ပြီး ကျွန်တော့်ထံ ဆက်လက်အကူအညီတောင်းလာတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အ.ထ.က(၄) ဒလနှင့် ဒလနှစ်ထပ်တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်ရန်နှင့် ဂတ်ရွာမှာရှိတဲ့ လှူဒါန်းပြီးမြေပေါ်မှာမူလတန်းကျောင်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ။ ရှိပါ က မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုတဲ့အတွက် မေးခွန်းမေးမြန်းလာရခြင်းပဲ ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းကပဲ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးရဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင်အသစ်(၂၀၀ x ၃၀) ပေ နှစ်ထပ်ဆောင် တစ်ဆောင် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဒလမြို့နယ်၊ ညောင်ပင်ကျေးရွာအုပ်စု၊ ဂတ်ရွာတွင် လှူဒါန်းပြီးဖြစ်သော မြေပေါ်၌ မူလတန်းကျောင်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ။ ရှိပါကမည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြ ပါမယ်။

ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကိုယ်စားလှယ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်မှာ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်အသစ်ဆောက်လုပ်ရန် သုံးကျောင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် နှစ်ကျောင်း လျာထားဆောင်ရွက်ပြီးဖြစ်ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းမှာ နှစ်ပိုင်းပါပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ဒလမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှာ ပေ ၂၀၀ x ပေ ၃၀ RC နှစ်ကျောင်းဆောင်သစ်တစ်ဆောင်ကို လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေမှ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ဒလမြို့နယ်၊ ဂုတ်ရွာမှာ ပညာရေးဝန်ကြီးဌာနရဲ့ မှတ်ပုံတင်စာရင်းမှာ မူလတန်းကျောင်းဖွင့်လှစ်ထားရှိပေးခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်ကြီးတင်ပြသကဲ့သို့ ရပ်ရွာမှမြေလှူဒါန်းပြီး ဆောင်ရွက်မယ်ဆိုရင် ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြုကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဖွင့်လှစ်ရန် မြေရာဇဝင်၊ မြေပိုင်ဆိုင်ကြောင်း ပုံစံ(၁၀၅) ပူးတွဲနှင့် မြေပုံနှစ်ပုံ၊ နောက်လှူဒါန်းသူက လှူဒါန်းသည့်အထောက်အထားအပြည့်အစုံ၊ မြေစာရင်းဦးစီးဌာန၏ အတည်ပြုချက်စသည်တို့နှင့်အတူ ပြီးပြည့်စုံအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ဦးစွာကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဖွင့်လှစ်ရေး ဆောင်ရွက်ရန်လိုပါတယ်။ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းမှ ကျောင်းမြေပိုင်ဆိုင်မှု၊ ကျောင်းဆောင်ပရိဘောဂများနှင့် သင်ကြားမှုဆရာဆရာမများ၊ ရပ်ရွာအစီအစဉ်ဖြင့် ဦးစွာဆောင်ရွက်ပြီးမှ အခြေခံပညာမူလတန်းကျောင်းခွဲအဆင့်သို့ မြို့နယ်ပညာရေးမှူးရုံးမှ တိုင်းဒေသကြီးပညာရေးမှူးရုံးသို့လည်းကောင်း၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ အခြေခံပညာဦးစီးဌာနသို့လည်းကောင်း အဆင့်ဆင့်အမှုတွဲ ပြုလုပ်တင်ပြလျှောက်ထားရန်

လိုပြီး အတည်ပြုချက်ရရှိရန်လိုအပ်မည်ဖြစ်ပါတယ်။ ဒလမြို့နယ်၊ ဂဝတ်ရွာမှာ ယခု ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အထိ ပညာရေးဝန်ကြီးဌာန၏ အသိအမှတ်ပြု မူလတန်းကျောင်းဖွင့်လှစ်ဆောင်ရွက်ထားနိုင်ခြင်းမရှိသေးပါသဖြင့် ကျောင်းဆောင်သစ်အတွက် လိုအပ်သောရန်ပုံငွေကို နိုင်ငံတော်ရန်ပုံငွေမှ လျာထားဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**ချင်းပြည်နယ်၊ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ် နှစ်ခုပေါင်း၍ တီးတိန်ခရိုင်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခမ်ခန့်ထန်(တွန်းဇံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ တွန်းဇံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမ်ခန့်ထန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ် နှစ်ခုပေါင်း၍ တီးတိန်ခရိုင်အဖြစ် သတ်မှတ်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဤမေးခွန်းမေးမြန်းရခြင်း အကြောင်းအရင်းကတော့ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်ရှိလူဦးရေဟာ ချင်းပြည်နယ်လူဦးရေ၏ လေးပုံတစ်ပုံခန့် ရှိပါတယ်။ ချင်းပြည်နယ်တွင် ခရိုင်လေးခုရှိပြီး ဖလမ်းခရိုင်၊ ဟားခါးခရိုင်၊ မင်းတပ်ခရိုင်နှင့် မတူပီခရိုင်တို့ဖြစ်ပါတယ်။ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်တို့သည် ဖလမ်းခရိုင်အတွင်းရှိမြို့နယ်များအဖြစ် တည်ရှိခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီးဖြစ်ပါတယ်။ ကျီးခါးမြို့ တွန်းဇံမြို့နယ်နှင့် တီးတိန်မြို့နယ်တို့မှ ဖလမ်းခရိုင်သို့သွားရာတွင် တိုက်ရိုက်လိုင်းကားများ မရှိပါသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးဖြစ်သော ကလေးမြို့ကိုသွားရပါတယ်။ ကလေးမြို့မှတစ်ဆင့် ဖလမ်းခရိုင်ရုံးကို မိုင် ၈၀ ခန့်ထပ်မံသွားရပါသဖြင့် ခရီးသွားချိန်နှစ်ရက်ကြာမြင့်ခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်သူများ၊ ခရိုင်ရုံးနှင့်ဆက်သွယ်ရာတွင် ကြုံတွေ့နေရတဲ့အခက်အခဲများကို ထည့်သွင်းစဉ်းစားပေးကာ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ် နှစ်ခုပေါင်း၍ တီးတိန်ခရိုင်အဖြစ်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်မြင့်ဖြစ်ပါတယ်ခင်ဗျာ။ ချင်းပြည်နယ်၊ တွန်းဇံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမ်ခန့်ထန် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းပေါ်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ မှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိသော ကျေးရွာအုပ်စု/ရပ်ကွက်/မြို့/မြို့နယ် သို့မဟုတ် နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန်ပေါ်ပေါက်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း တင်ပြအပ်ပါတယ်။

ချင်းပြည်နယ်အတွင်းရှိ ကျေးရွာ/ကျေးရွာအုပ်စု/ရပ်ကွက်/မြို့/မြို့နယ် သို့မဟုတ် နယ်နိမိတ်များပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန်အတွက် လိုအပ်မည့်အခြေအနေများ စိစစ်၍ ဦးစားပေးအစီအစဉ်အလိုက် ထောက်ခံတင်ပြခြင်းနှင့် အမှုတွဲပြုစုတင်ပြခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်အတွင်းရှိ ခရိုင်/မြို့/ရပ်ကွက် ကျေးရွာအုပ်စု/ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့အစည်းဝင်များ၊ ခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၉)ကို ၂၂-၈-၂၀၁၉ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။ အဆိုပါအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်မှမေးမြန်းသော တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်နှစ်ခုအားပေါင်း၍ တီးတိန်ခရိုင်အဖြစ် ဖွဲ့စည်းနိုင်ရေးကိစ္စကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါအစည်းအဝေး၏ ဆုံးဖြတ်ချက်အပိုဒ်(က)အရ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်တို့ကိုဖွဲ့စည်းပြီး တီးတိန်ခရိုင်အဖြစ်တိုးမြှင့်ဖွဲ့စည်းနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်ပြီး ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ချင်းပြည်နယ်အစိုးရအဖွဲ့သို့တင်ပြရန် သဘောတူဆုံးဖြတ်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၃-၉-၂၀၁၉ ရက်နေ့မှာ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်တို့ကို စုစည်းပြီး တီးတိန်ခရိုင်အဖြစ် တိုးမြှင့်ဖွဲ့စည်းနိုင်ရေးအတွက် အမှုတွဲအား လုပ်ထုံးလုပ်နည်းနှင့်အညီပြုစုပြီး နိုင်ငံတော်သမ္မတသို့ ဆက်လက်တင်ပြရန်သင့်/မသင့်အား ချင်းပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ချက်ရယူပေးနိုင်ပါရန် တင်ပြခဲ့ပြီးဖြစ်ပါသဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အစည်းအဝေးတွင်ထည့်သွင်းဆွေးနွေး၍ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ

ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**တပ်မတော်အစိုးရလက်ထက် ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများ၏ လုပ်ငန်းများအတွက် သိမ်းဆည်းခဲ့သည့် မြေယာများအနက် ယခုအချိန်ထိ မူလပိုင်ရှင်များသို့ ပြန်လည်အပ်နှံပြီးသည့် မြေဧကများကို ရှင်းလင်းပြန်ကြားပေးရန်နှင့် ပြန်လည်အပ်နှံသည့်မြေယာများကို မူလပိုင်ရှင်များသို့သာ တိုက်ရိုက်အပ်နှံရန် တာဝန်ရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာဌာနများက ပြန်လည်အပ်နှံသည့်မြေယာများကို မူလပိုင်ရှင်များသို့ တိုက်ရိုက်အပ်နှံခြင်းမပြုဘဲ နိုင်ငံတော်စီမံကိန်းအကျိုးပြုလုပ်ငန်းများ အသုံးပြုရန် တင်ပြဆောင်ရွက်ခဲ့ခြင်းကို ရှင်းလင်းဖြေကြားပေးရန်တို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်ဖြစ်ပြီးတော့မှ မေးခွန်းနဲ့ပတ်သက်လို့ Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကမေးထားလို့ ဒီနေ့အထိဆိုရင်တော့ ၁၁ လခန့် ကြာနေပြီဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၆ မှာပြောထားသလို မေးခွန်းကို ၁၄ ရက်အတွင်း ဖြေကြားပေးရမယ်ဆိုပေမဲ့ လုပ်ငန်းသဘာဝရဲ့ခက်ခဲမှုကို နားလည်မှုပေးပြီးတော့မှ သုံးလ၊ လေးလအချိန်ကြာတာကို မပြောလိုပေမဲ့ အခုလို ၁၁ လကြာတာကိုတော့ များစွာစိတ်မသက်မသာ ဖြစ်မိပါတယ်။ တပ်မတော်အစိုးရကာလက ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများရဲ့ လုပ်ငန်းများအလို့ငှာ မြေယာများကို သိမ်းဆည်းခဲ့ကြပါတယ်။ ဒါဟာ ဥပဒေအရ လုပ်ဆောင်ခဲ့တယ်ဆိုပေမဲ့ လိုအပ်တာထက် ပိုမိုသိမ်းယူခဲ့သော်လည်း လက်တွေ့လုပ်ငန်း

မဆောင်ရွက်တာတွေ တွေ့ရှိရပါတယ်။ ဒါကြောင့်လည်း ဒီမိုကရေစီ ရှေ့ဦးကာလဖြစ်တဲ့ သမ္မတကြီး ဦးသိန်းစိန်အစိုးရလက်ထက်မှာ ပိုလျှံတဲ့၊ မလိုအပ်တဲ့မြေတွေကို နိုင်ငံတော်ပြန်အပ်ဖို့ လွှတ်တော်က လည်း တောင်းဆိုလာတဲ့အတွက် ဝန်ကြီးဌာနတွေရော ပုဂ္ဂလိကပါ နိုင်ငံတော်ကို ကေပေါင်း သိန်းချီ ပြီးတော့ ပြန်လည်အပ်နှံခဲ့ပါတယ်။ အဲဒီအစိုးရခေတ်က မြေဆီပိုကို ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးစီးပြီး တော့မှ အပ်နှံတဲ့မြေတွေကို မူရင်းပိုင်ရှင်ဆီ ပြန်လည်အပ်နှံရေးကို စနစ်တကျ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တင်ပြချင်တာက တပ်မတော်အစိုးရလက်ထက်မှာ လုပ်မှား၊ ကိုင်မှား ရှိခဲ့တာတွေကို ပြည်/ခိုင်/ဖြိုးအစိုးရလက်ထက်မှာ အချိန်မီပြုပြင် အဖတ်ဆယ်နိုင်ခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။ ဒါ ပေမဲ့ လုပ်ငန်းစဉ်က ကြီးမားကျယ်ပြန့်တဲ့အတွက် ကျန်တာတွေရှိနိုင်ပါသေးတယ်။ ဒီအစိုးရလက်ထက်မှာလည်း ဒုတိယသမ္မတတစ်ဦးက ဒီကိစ္စကို တာဝန်ခံဆောင်ရွက်နေတာ လေ့လာ တွေ့ရှိရပါတယ်။ တီဗွီမှာလည်း သတင်းကြော်ငြာပြီးအပြီးမှာ နိုင်ငံတော်သမ္မတရုံးရဲ့ မြေယာနဲ့ ပတ်သက်တဲ့မူဝါဒကို ကျွန်တော်တို့ နားထောင်ခဲ့ကြပြီး ဖြစ်ပါတယ်။ အဲဒီအထဲက နံပါတ်(၂)အချက် ကတော့ စွန့်လွှတ်မြေများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲနဲ့ မူလပိုင်ရှင်တွေဆီကို အမြန်ဆုံး အပ်နှံသွားဖို့ဆိုတာကို ဖော်ပြထားပါတယ်။ နံပါတ်(၄)အချက်ကတော့ သိမ်းဆည်းခံမြေတွေကို သက်ဆိုင်ရာကော်မတီတွေက စိစစ်ပြီးတော့မှ ပိုင်ရှင်တွေဆီပြန်ပေးတဲ့နေရာတွေမှာ အနှောင့်အယှက် ဖြစ်အောင်လုပ်တဲ့လူတွေ၊ ကြန့်ကြာအောင်လုပ်တဲ့လူတွေကို အရေးယူဖို့ဆိုပြီး ပြောထားပါတယ်။ ဒါပေမဲ့လည်း အဲဒီလိုလုပ်နေတဲ့ လူတွေကိုယ်တိုင်ကိုက တိုင်းဒေသကြီးအစိုးရဖြစ်နေတော့ ပြည်သူ တွေမှာ ငိုကြွေးရုံကလွဲပြီးတော့မှ ဘာမှမတတ်နိုင်တော့ပါဘူး။ အတိုဆုံးနဲ့အရှင်းဆုံးပြောရမယ် ဆိုလို့ရှိရင်တော့ ဝန်ကြီးဌာနက ပုဂ္ဂလိကကိုပြန်ပေးတဲ့မြေတွေကို တိုင်းဒေသကြီးအစိုးရက မူလပိုင်ရှင် တွေဆီ တိုက်ရိုက်စွန့်လွှတ်မြေအားလုံး ပြန်မပေးဘဲနဲ့ မူလလယ်မြေတွေကို အခြားနည်းသုံးစွဲခွင့်ပြု ပြီးတော့မှ ၂၀ ရာခိုင်နှုန်းကို ပိုင်ရှင်ပေးမယ်။ ၈၀ ရာခိုင်နှုန်းကို တိုင်းဒေသကြီးအစိုးရကယူမယ်ဆိုတဲ့

ကိစ္စပါပဲ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၈ ခုနှစ် ဇွန်လက သမ္မတရုံးကို လယ်မြေတွေ သိမ်းယူပြီးတော့မှ အစိုးရက ၈၀ ရာခိုင်နှုန်း၊ မြေရှင်က ၂၀ ရာခိုင်နှုန်းခွဲယူဖို့ သမ္မတရုံးကို တင်ပြထားတာ ကျွန်တော့်မှာ စာရှိပါတယ်။ သမ္မတရုံးက ဩဂုတ်လမှာမူအားဖြင့် သဘောတူတယ် ဆိုတာကို ပြန်ကြားခဲ့ပါတယ်။ ခွင့်ပြုချက်မှာ Clause တစ်ခုတော့ ပါပါတယ်။ အဲဒါကတော့ မြေယာပိုင်ရှင်များနဲ့ သဘောတူညီချက်ရယူပြီးလို့ ဖော်ပြထားပြီးတော့ ဒါဟာလည်း ဝိနည်းလွတ်လုပ်တာလို့ ကျွန်တော် ကတော့ နားလည်းပါတယ်ခင်ဗျား။ လွှတ်တော်မှာ အတည်ပြုပြီးဖြစ်တဲ့ မြေသိမ်းဥပဒေမှာ ပြည်ထောင်စု အစိုးရကသာ မြေသိမ်းတာကို ဆောင်ရွက်နိုင်ပြီးတော့ အခုလို တိုင်းဒေသကြီးအစိုးရကို Link ချိတ်ပေးတာဟာ ဥပဒေနဲ့မညီဘူးလို့ တည့်တည့်ပဲပြောချင်ပါတယ်။ စမ်းကြီးဝနဲ့ ထောက်ကြံ့ကွေ့မှာ တပ်မတော်ကသိမ်းယူထားတဲ့ မြေကေ ထောင်ကျော်ကို တပ်မတော်က ပြန်ပေးတယ်။ သမ္မတရုံးကို တင်ပြတဲ့စာမှာ တောင်သူက ၂၀ ရာခိုင်နှုန်း၊ တိုင်းဒေသကြီးအစိုးရက ၈၀ ရာခိုင်နှုန်း ခွဲဝေယူဖို့အတွက် တင်ပြတဲ့စာထဲမှာတော့ စမ်းကြီးဝင်းနဲ့ ထောက်ကြံ့ကွေ့ မပါ ပါဘူး။ အဲဒီတော့ အဲဒီကိစ္စနဲ့ပတ်သက် ပြီးတော့မှ မင်္ဂလာဒုံလွှတ်တော်ကိုယ်စားလှယ်ကပါ တောင်သူတွေ ဘက်က ရပ်တည်ပြီးတော့မှ အားလုံးပြန်ပေးဖို့ပြောရင်ပဲ ၂၀ ရာခိုင်နှုန်းပဲပေးမယ်။ ဒီနည်းလမ်းကို လက်မခံရင် မရဘူးဆိုပြီးတော့မှ ခြိမ်းခြောက်မှုတွေနဲ့လုပ်ဆောင်ခဲ့တယ်ဆိုတာ Social Media မှာ အုတ်အော်သောင်းတင်း ပါရှိခဲ့ပြီးဖြစ်ပါတယ်။ ၎င်းလွှတ်တော်ကိုယ်စားလှယ်က မကြာသေးခင်ကပဲ ရန်ကုန်ခေတ်သစ်မီဒီယာနဲ့ တွေ့ဆုံဆွေးနွေးတာတွေကိုလည်း လေ့လာပြီးဖြစ်ပါတယ်။ သူပြောတာကတော့ ဒီကိစ္စကို သမ္မတကြီးနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံကို တင်ပြပြီးဖြစ်တယ်လို့လည်း သိရပါတယ်။ အဲဒီတော့ ဒီကိုယ်စားလှယ်က လွှတ်တော်ကိုမတင်ပြတာတော့ ကျွန်တော် နားမလည်နိုင်ပါဘူး။ ဒါကြောင့် အစိုးရဆိုတာ အစပဲ ရိုးတယ်။ ပါးစပ်ကဘုရားဘုရား လက်က ကားရားကားရားဆိုတဲ့ ပြည်သူတွေရဲ့ဝေဖန်သံတွေ နားနဲ့မဆံ့အောင်ကြားနေရလို့ ဒီမေးခွန်းကို

ကျွန်တော် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့က မေးမြန်းခဲ့ရခြင်းဖြစ်ပါတယ်။ စမ်းကြီးဝမှာ တပ်မတော်က စွန့်လွှတ်မြေ ၇၀၀ ကျော်နှင့် သမ္မတကြီးဦးသိန်းစိန်အစိုးရလက်ထက်မှာ ပိုင်ရှင် ၁၈ ဦးကို ၉၂ ဧကကျော် ပြန်လည်ပေးအပ်ပြီး ဖြစ်ပါတယ်။ စုစုပေါင်း ကျန်တာကတော့ ၆၀၀ ကျော်ပဲဖြစ်ပါတယ်။ လက်ရှိအစိုးရကာလမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ တပ်မတော်က ပြန်အပ်ထားတဲ့မြေ တစ်ဧကတောင်မှ ပိုင်ရှင်ဆီ ပြန်မပေးသေးပါဘူး။ စာရင်းဇယားရှုပ်ထွေးမှုကို အကြောင်းပြ၊ ရှင်းနေတာကိုရှုပ်အောင်လုပ်ပြီးတော့မှ သမ္မတရုံးက မူအားဖြင့် ခွင့်ပြုထားတဲ့ မြေပိုင်ရှင် ၂၀ ရာခိုင်နှုန်း၊ တိုင်းဒေသကြီး အစိုးရက ၈၀ ရာခိုင်နှုန်း ခွဲဝေယူမယ်ဆိုတဲ့အစီအစဉ်ကို သွတ်သွင်းပြီးတော့မှ လုပ်ပိုင်ခွင့်ကို အမြတ်ထုတ်အသုံးချ ပြည်သူကို အနိုင်ကျင့်နေတယ်လို့ပဲ ကျွန်တော် ပြောချင်ပါတယ်။ အခု Power Point မှာတင်ပြထားတဲ့ အမျိုးသမီးနှစ်ယောက်ဟာ ရန်ကုန်တိုင်းဒေသကြီးအစိုးရက ပြန်မပေးသေးတဲ့ သိမ်းယူခံစဉ်က ပိုင်ရှင်တွေဖြစ်တဲ့ မင်္ဂလာဒုံမြို့နယ်က မပိုပိုနဲ့မတင်တင် တို့ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ရဲ့ မြေယာပိုင်ဆိုင်မှုမှတ်တမ်းတွေကိုလည်း ကျွန်တော် Slide မှာ ဖော်ပြထားပါတယ်။ ဗုဒ္ဓဟူးနေ့ကပဲ ကျွန်တော့်ဆီ လာရောက်တွေ့ဆုံခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့မေးခွန်းကတော့ နံပါတ်(၁) တစ်နိုင်ငံလုံးအတိုင်းအတာအရ ဝန်ကြီးဌာနနှင့် ကုမ္ပဏီများမှသိမ်းယူခဲ့ပြီး ပြန်လည် စွန့်လွှတ်ပေးသည့် မြေဧက၊ နံပါတ်(၂) ၎င်းတို့အနေနဲ့ မြေသိမ်းယူစဉ်က ပိုင်ရှင်များထံသို့ လက်ရောက် ပေးရပြီးသည့် မြေဧက၊ နံပါတ်(၃) ရန်ကုန်တိုင်းဒေသကြီးတွင် ဝန်ကြီးဌာနက စွန့်လွှတ်သည့်မြေ သို့မဟုတ် လယ်သမားပိုင်မြေများကို ပိုင်ရှင်က ၂၀ ရာခိုင်နှုန်း၊ တိုင်းဒေသကြီးအစိုးရက ၈၀ ရာခိုင်နှုန်း ရယူမည်ဆိုသည်ကို ပြည်ထောင်စုအစိုးရအနေဖြင့် မည်သည့်အတွက်ကြောင့် မူအားဖြင့် သဘောတူခဲ့ ပါသလဲ။ နံပါတ်(၄) စမ်းကြီးဝနှင့် မင်္ဂလာဒုံတို့တွင် တပ်မတော်ကစွန့်လွှတ်ထားသည့်မြေများကို သိမ်းယူစဉ်က ပိုင်ရှင်များသို့

အမြန်ဆုံးခွဲဝေပေးရန် အစီအစဉ်ရှိ/မရှိတို့ကို ဖြေကြားပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးတင်မြင့်ကပဲ ဆက်လက်ပြီးတော့မှ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန်နှင့် ကျွန်တော့်ရဲ့ရှင်းလင်းတင်ပြခွင့်အပေါ် Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ယခင် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ၊ ယခင်အစိုးရလက်ထက်နှင့် ယခု လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စစ်ဆေးရေးဗဟိုကော်မတီများသို့ ယခုအစိုးရလက်ထက်မှာ ကျွန်တော်တို့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်အပ်နှံ လာတဲ့မြေများနဲ့ ပတ်သက်ပြီး လွှဲပြောင်းရန်စိစစ်ဆဲမြေဧရိယာများကို ခုနလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့အချက်များအပေါ်မူတည်ပြီး တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါတယ်ခင်ဗျား။ ဇယားလေး

ဖြစ်ပါတယ်ခင်ဗျား။ အဲဒီမှာ ကျွန်တော်တို့ အပေါ်လိုင်းမှာဖော်ပြထားတာကတော့ ယခင် အစိုးရလက်ထက်ဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်မှာ လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းမှုအပေါ် ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌကြီးကို ဒုတိယသမ္မတကြီးနဲ့ဖွဲ့စည်းပေးခဲ့ပြီးတော့ အဲဒီမှာ ကျွန်တော် တွဲဖက်အတွင်းရေးမှူးတာဝန် ထမ်းဆောင်ခဲ့ရပါတယ်။ အဲဒါ ကျွန်တော်တို့ ယခင်အစိုးရလက်ထက်မှာတော့ စွန့်လွှတ်မြေကေပေါင်း အပေါ်မှာတင်ပြထားတဲ့ အတိုင်း ၄၂၅၄၀၇ ကေ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ စိုက်ပျိုးမြေအဖြစ် လွှဲပြောင်းပေးတဲ့ ကေကတော့ ၂၃၁၄၁၉ ကေ ဖြစ်ပါတယ်။ စိုက်ပျိုးမြေမဟုတ်တဲ့မြေကို သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်တာ ကေပေါင်း ၁၇၅၃၀၀ ကေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ စုစုပေါင်း ယခင်အစိုးရလက်ထက် ယခင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းမှုအပေါ် ပြန်လည်စိစစ်ရေးဗဟို ကော်မတီရဲ့ လွှဲပြောင်းမှုစုစုပေါင်းကေကတော့ ၄၀၆၇၁၉ ကေ ဖြစ်ပါတယ်။ အဲဒီလိုလွှဲပြောင်းပြီးတဲ့ အခါမှာ ကျွန်တော်တို့ စိစစ်ဆဲတောင်သူလယ်သမားများကို ပေးဖို့အတွက် စိစစ်ရပါတယ်။ ပိုင်ဆိုင်မှုအဆင့်ဆင့်၊ အငြင်းပွားမှုများစသဖြင့် မူလပိုင်ရှင် စိစစ်တဲ့အခါမှာ ကျန်နေခဲ့တာကတော့ ၁၈၆၈၈ ကေ ကျန်နေခဲ့ပါတယ်။ အဲဒါကို ယခုအစိုးရလက်ထက် အောက်ကဇယားမှာ ကျွန်တော် ဆက်ပြီးတော့ ယခုအစိုးရလက်ထက် ဖြစ်ပါတယ်။ ယခုအစိုးရသစ်လက်ထက်မှာ ယခင်စိစစ်ရန်ကျန် ၁၈၆၈၈ ကေကို ဆက်လက်ပြီးတော့ ကျွန်တော်တို့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမှု အပေါ် ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ကျွန်တော်တို့ အဖွဲ့ကနေပြီးတော့ ဆက်လက်ပြီးတော့ စိစစ်ဆောင်ရွက်ပါတယ်။ အဲဒီမှာ စိုက်ပျိုးမြေအဖြစ် လွှဲပြောင်းပေးရတဲ့ကေ ၈၁၄၄၊ စိုက်ပျိုးရေးမဟုတ်တဲ့မြေ သက်ဆိုင်ရာအလုပ်ကြောင့်ပေးရတာ ၃၃၃၈ ကေ စုစုပေါင်း ၁၁၄၈၆ ကေ ဖြစ်ပါတယ်။ လွှဲပြောင်းရန်ကျန်တာကတော့ စိစစ်ဆဲ မြေကတော့ ၇၂၀၆ ကေဖြစ်ပါတယ်။ အောက်ကဇယားမှာ

တော့ ယခုအစိုးရလက်ထက် စွန့်လွှတ်မြေ ကေပေါင်း ၁၀၀၆၈၉ ကေဖြစ်ပါတယ်ခင်ဗျား။ အဲဒီမှာ ကျွန်တော်တို့ စိုက်ပျိုးမြေအဖြစ် လွှဲပြောင်း ပေးတာကတော့ ၂၂၆၀၉ ကေဖြစ်ပြီးတော့ စိုက်ပျိုးမြေမဟုတ်တဲ့ အခြားမြေများဖြစ်ပါတယ်။ အခြားမြေများနဲ့ပတ်သက်ပြီးတော့ ၆၈၀၄၂ ကေဖြစ်ပါတယ်။ စုစုပေါင်း လွှဲပြောင်းပြီး ကေပေါင်း ၉၀၆၅၁ ကေဖြစ်ပြီးတော့ လွှဲပြောင်းရန်စိစစ်ဆဲ ယခင်အစိုးရလက်ထက်နှင့် အခုအစိုးရ လက်ထက် ပေါင်းပြီးတော့ လွှဲပြောင်းစိစစ်ဆဲတွေ ကျန်ပါတယ်။ စုစုပေါင်း တင်ပြထားတဲ့ ၇၂၀၆ ကေနဲ့ ၁၀၀၃၈ ကေက ယခုအစိုးရလက်ထက် ဖြစ်ပါတယ်။ ဒါ ကြောင့် စုစုပေါင်းနဲ့ တင်ပြရရင် ယခင်အစိုးရ လက်ထက် လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းမှုအပေါ် ပြန်လည်စိစစ်ရေးဗဟိုကော်မတီနဲ့ ယခုအစိုးရလက်ထက် လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေး ဗဟိုကော်မတီ ဆောင်ရွက်မှုမှာ စွန့်လွှတ်မြေကေပေါင်း ၅၂၆၀၉၆ ကေဖြစ်ကြောင်း တင်ပြအပ်ပါ တယ်။ စိုက်ပျိုးမြေအဖြစ် လွှဲပြောင်းပေးအပ်တဲ့ကေကတော့ ၂၆၂၁၇၂ ကေဖြစ်ပါတယ်။ စိုက်ပျိုးမြေ မဟုတ်တဲ့မြေကို သက်ဆိုင်ရာသို့ လွှဲပြောင်းပေးတာကတော့ ၂၄၆၆၈၀ ကေ ဖြစ်ပါတယ်။ စုစုပေါင်း လွှဲပြောင်းပြီး ကေပေါင်း ၅၀၈၈၅၂ ကေဖြစ်ပြီးတော့ လွှဲပြောင်းရန်ကျန် စိစစ်ဆဲမြေ ကတော့ ၁၇၂၄၄ ကေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ယခုအခါမှာ ကျွန်တော်တို့ သိမ်းဆည်းမြေများနှင့်စပ်လျဉ်းပြီး လယ်ယာမြေနှင့်အခြား မြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကနေပြီးတော့ ပြင်ဆင်ချမှတ်ထားတဲ့ မူဝါဒ၊ လုပ်ငန်းစဉ်များအပေါ်မှာ နိုင်ငံတော်ကသိမ်းဆည်းသည့် လယ်ယာမြေနှင့်အခြားမြေများကို မူလမြေပိုင်ရှင်များက ပြန်လည်လျှောက်ထားသည့်ကိစ္စရပ်နှင့်စပ်လျဉ်းသည့် မူဝါဒ(၁၀)ရပ်၊ တပ်မြေသိမ်းဆည်းမှုများနှင့်စပ်လျဉ်းသည့် မူဝါဒ(၃)ရပ်၊ သိမ်းဆည်းမြေများကို ပြန်လည်ပေးအပ်ရန် လျှောက်ထားခြင်းများနဲ့စပ်လျဉ်း၍ စိစစ်ရန်အချက်(၄)ချက်၊ စွန့်လွှတ်နိုင်ခြင်း

မရှိသည့် သိမ်းဆည်း မြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက်(၅)ချက်၊ သိမ်းဆည်းထားသည့်ဌာနမှ စွန့်လွှတ်ဆဲမြေများ နှင့်စပ်လျဉ်း၍ စိစစ်ရန်အချက်(၆)ချက်၊ စွန့်လွှတ်သည့်မြေများ သက်ဆိုင်သူလက်ဝယ် အမြန်ရောက်ရှိရေး လုပ်ငန်းစဉ်(၉)ရပ်၊ နေပြည်တော် တိုင်းဒေသကြီး /ပြည်နယ် ကော်မတီများမှ အလေးထားဆောင်ရွက်ရန်အချက်(၁၅)ချက် စုစုပေါင်းပြင်ဆင် ချမှတ်ထားသည့်မူဝါဒ(၁၃)ရပ်၊ လုပ်ငန်းစဉ်(၉)ရပ်၊ စိစစ်ရန်အချက်(၁၅)ချက်နှင့် အလေးထား လိုက်နာဆောင်ရွက်ရန်အချက် (၁၅)ချက် စုစုပေါင်း(၅၂)ချက်တို့နှင့်အညီ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းပြီးတော့ အလေးထား လိုက်နာဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအား သိမ်းဆည်းမြေအမှုများကို စိစစ်ဆောင်ရွက်ရာမှာ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်တို့မှ တင်ပြလာတဲ့အမှုတွဲများကို တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးပြီး အစည်းအဝေးသို့တင်ပြ၍ အစည်းအဝေးဆုံးဖြတ်ချက်များအား လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ တင်ပြပြီး လမ်းညွှန်မှုခံယူပါတယ်။ ၁-၈-၂၀၁၆ ရက်နေ့မှစပြီး တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအစည်းအဝေး ကျင်းပမှုမှာ ယနေ့အချိန်အထိ(၄၃)ကြိမ် ကျင်းပဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်ခင်ဗျား။ အစည်းအဝေးတွင် မူလတောင်သူများအား မြေပြန်လည်ပေးအပ်ခြင်း၊ လျော်ကြေးငွေပေးအပ်ခြင်းနှင့် ၁၉၈၈ ခုနှစ်ကာလက အရှေ့ပိုင်းဖြစ်၍လည်းကောင်း၊ တင်ပြချက်ခိုင်မာမှုမရှိ၍လည်းကောင်း၊

မူကြမ်း

အမှုပိတ်သိမ်းခြင်းတို့ကို ဆုံးဖြတ်ခဲ့ကြောင်းနှင့် ဆုံးဖြတ်ချက်များအပေါ် မူလတောင်သူများသို့ မြေပြန်လည်ပေးအပ်မှုနှင့် လျော်ကြေးပေးအပ်မှုတို့ကိုလည်း သတင်းထုတ်ပြန်သွားရန် အစီအစဉ်ရှိကြောင်း၊ သိရှိရပါကြောင်း တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ဝန်ကြီးဌာနနှင့် ကော်မတီများမှ စွန့်လွှတ်အပ်နှံသည့်မြေများအား မူလတောင်သူများသို့ ပြန်လည်အပ်နှံမှုနှင့်ပတ်သက်၍ ယခင်အစိုးရလက်ထက်၌ မူလပိုင်ရှင် တောင်သူ ၃၅၃ ဦးအား မြေဧရိယာ ၂၆၇၇.၈၉၄ ဧကအား ပေးအပ်နိုင်ခဲ့ကြောင်းနှင့် ယခုအစိုးရလက်ထက်တွင် တောင်သူ ၉၄ ဦးအား မြေဧရိယာ ၄၆၈.၇၃၃ ဧကအား ပေးအပ်နိုင်ပြီဖြစ်ပါကြောင်း သိရှိရပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးတွင် အိမ်ရာစီမံကိန်းများ၊ မြို့သစ်စီမံကိန်းများ၊ စက်မှုဇုန်စီမံကိန်းများ၊ ငါး၊ ပုစွန်မွေးမြူရေးဇုန်များ ဆောင်ရွက်လျက်ရှိရာ ယခင်က မြေသိမ်းဆည်းခဲ့ခြင်းမဟုတ်ဘဲ ၎င်းမြေနေရာမှာ မြေသိမ်းကိစ္စများကို ယခုမှ စတင်ဆောင်ရွက်ဖို့ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရပါတယ်။ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြဆွေးနွေးသွားတဲ့အတိုင်း တောင်သူများနှင့်ညှိနှိုင်းပြီးတော့မှ တောင်သူများ ၂၀ ရာခိုင်နှုန်း၊ နိုင်ငံတော်စီမံကိန်းမြေအဖြစ် ၈၀ ရာခိုင်နှုန်း သဘောတူတဲ့ လယ်ယာမြေများကိုသာ ညှိနှိုင်းဆောင်ရွက်ပြီးတော့ သဘောတူညီချက်မရရှိပါက ဆောင်ရွက်ခြင်းမရှိဘဲ ထားရှိပါကြောင်း သိရှိရပါတယ်။

ယခင်သိမ်းဆည်းမြေများအပေါ် စိစစ်ပြီးတော့ မူလတောင်သူများ မြေပြန်လည်ပေးအပ်တဲ့ကိစ္စများမှာ သိမ်းဆည်းမြေယာများ၏ ၈၀ ရာခိုင်နှုန်းကို နိုင်ငံတော်စီမံကိန်းများ၊ အကျိုးပြုလုပ်ငန်းများအတွက် အသုံးပြုရန် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းမရှိဘူးလို့ သိရှိရပါတယ်။ အခု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တင်ပြချက်အရ အထက်ပါတင်ပြခဲ့တဲ့အတိုင်း ယခင်သိမ်းဆည်းခဲ့တဲ့ လယ်ယာမြေများအပေါ်မှာ ၂၀ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲနဲ့ ယခုမှသာ သိမ်းဆည်းဖို့အတွက်ကို လယ်သမားများနဲ့ညှိနှိုင်းပြီးတော့ အခြားနည်းသုံးစွဲခွင့်ကို သဘောတူရင်

တောင်သူများ ၂၀၊ နောက် နိုင်ငံတော်စီမံကိန်း၊ အကျိုးပြုလုပ်ငန်း ၈၀ ဆိုပြီး သတ်မှတ်ခြင်း ဖြစ်ကြောင်း ဖြေရှင်းတင်ပြထားပါတယ်။ သို့ရာတွင် ထူးခြားချက်အနေနဲ့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ တောင်ပိုင်း၊ ဆိပ်ကမ်းမြို့နယ်မှာတော့ ခေတ်မီစက်မှုလယ်ယာစံပြ အထူးစိုက်ပျိုးရေးဇုန်(၁)၊ (၂)ရှိ မြေဧရိယာ ၉၄၀၅ ကေတော့ ယခင်က မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက အခြားနည်းသုံးစွဲခွင့် ပြုခဲ့ပြီး သိရှိရပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ နိုင်ငံတော်စီမံကိန်းများအတွက် မြေသိမ်းကိစ္စများဆောင်ရွက်ရာမှာ တောင်သူများ၏လိုလားချက်၊ တောင်းဆိုချက်အရ သိမ်းဆည်း မြေရဲ့ ၂၀ ရာခိုင်နှုန်းကို မြို့မြေအဖြစ် တောင်သူများ အကျိုးခံစားခွင့်ပေးပြီး ကျန် ၈၀ ရာခိုင်နှုန်းကို နိုင်ငံတော်စီမံကိန်းအသုံးပြုရန်မြေအဖြစ် ဆောင်ရွက်ခွင့်ပြုပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ လမ်းညွှန်မှုခံယူ တင်ပြခဲ့ရာမှာ ၁၇-၈-၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်း ရေးနှင့်တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁၂/၂၀၁၈)မှာ ဆောင်ရွက်မယ့် စီမံကိန်းကိုသာ မူအားဖြင့် သဘောတူခွင့်ပြုခဲ့ပါတယ်။ မြေယာပိုင်ရှင်များ၏ သဘောတူညီချက် ရယူပြီးမှ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ရရှိရေးဆောင်ရွက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့က ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတရုံး မှလည်း ၅-၈-၂၀၁၉ ရက်နေ့မှာ ဥပဒေနှင့်အညီသာဆောင်ရွက်ဖို့ ညွှန်ကြားခဲ့ကြောင်း သိရှိရပါ တယ်။ သို့ဖြစ်ပါ၍ အဆိုပါသိမ်းဆည်းမြေများ၏ ၂၀ ရာခိုင်နှုန်ကို တောင်သူများသို့လည်းကောင်း၊ ၈၀ ရာခိုင်နှုန်းကို နိုင်ငံတော်စီမံကိန်းများအတွက်လည်းကောင်း ခွင့်ပြုဆောင်ရွက်ခြင်းသည် လက်ရှိ အစိုးရလက်ထက်တွင်ဆောင်ရွက်မယ့် မြို့သစ်စီမံကိန်းများ၊ စက်မှုဇုန်စီမံကိန်းများနှင့် ငါး၊ ပုစွန် မွေးမြူရေးစီမံကိန်းများအတွက် မြေသိမ်းကိစ္စများဆောင်ရွက်ရာမှာ သဘောတူညီမှုရှိတဲ့ တောင်သူ များ၊ သဘောတူညီမှုရရှိတဲ့တောင်သူများ၏ မြေယာများကိုသာ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ခြင်း ဖြစ်တယ်လို့ သိရပါတယ်။ ယခင်သိမ်းဆည်းခဲ့တဲ့မြေများအပေါ်မှာ မူလတောင်သူများကို

မြေပြန်လည်ပေးအပ်တဲ့၊ လျော်ကြေးပေးအပ်တဲ့ကိစ္စများနဲ့ မသက်ဆိုင်ခြင်းမရှိကြောင်းကိုလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရှင်းလင်းတင်ပြချက်အရ သိရှိရပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယင်းသို့ ဆောင်ရွက်ခြင်းကိစ္စမှာတော့ ၁၈၉၂ ခုနှစ်၊ မြေသိမ်းဥပဒေ ပုဒ်မ ၃၁ ပုဒ်မခွဲ(၃)ပါ ကော်လိတ္တော် အရာရှိသည် ထိုမြေနှင့်ပတ်သက်၍ လျော်ကြေးငွေပေးမည့် အစားထိုးမြေတွင် အကျိုးခံစားခွင့်ရှိသူ တစ်ဦးနှင့် အလဲအလှယ်ပြုသောအားဖြင့် အခြားသောမြေကို ဂရန်ထုတ်ပေးခြင်း သို့မဟုတ် ထိုသူ၏ အခြားမြေအတွက် စည်းကြပ်ထားသည့်အခွန်တော်ကို လျော်ပစ်ခြင်း သို့မဟုတ် သက်ဆိုင်သော အကျိုးခံစားခွင့်ရှိသူများအား ညီမျှသောအကျိုးဖြစ်စေမည့် အခြားသောနည်းဖြင့် နိုင်ငံတော်အစိုးရ ၏ခွင့်ပြုချက်ဖြင့် သဘောတူညီချက်တစ်စုံတစ်ရာကို ပြုလုပ်ခြင်းပြုနိုင်တယ်လို့ဆိုပြီးတော့ ပြဋ္ဌာန်း ထားပါတယ်။ ဒါကြောင့်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဆောင်ရွက်ချက်ကို ဥပဒေနှင့် အညီဆောင်ရွက်ဖို့အတွက်ကို နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားခဲ့ခြင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ညှိနှိုင်းဖြေကြားချက်ကလည်း ကျွန်တော်တို့အနေနဲ့ အထက်ပါ အတိုင်း တင်ပြအပ်ပါတယ်။ ယခင်သိမ်းဆည်းခဲ့တဲ့ လယ်ယာမြေများအပေါ်မှာ ဆောင်ရွက်ခြင်း မဟုတ်ဘဲနဲ့ ယခုဆောင်ရွက်ရမယ့်စီမံကိန်းများအပေါ်မှာသာလျှင် လယ်သမားများရဲ့ သဘော တူညီချက်ရယူပြီးမှ ဆောင်ရွက်ဖို့အတွက်ကို နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားထားပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပေါင်းစပ်ပြီး ဖြေကြားရတဲ့အခါမှာ တင်ပြလိုတာကတော့ စက်မှုဥယျာဉ်မြို့တော်စီမံကိန်းတွေ သတ်မှတ်ပေးဖို့ ဆိုပြီးတော့မှ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တင်ပြချက် အပေါ်မှာ သမ္မတရုံးအနေနဲ့ ညွှန်ကြားထားရှိပါတယ်။ ဒါကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန် မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်ရှိ မြေဧရိယာ စုစုပေါင်း ၁၃၄၃.၅၇ ဧကခန့်နှင့် ထန်းတပင်

မြို့နယ်ရှိ လယ်မြေဧရိယာ ၂၂၂၀.၈၂ ဧကေခန့်အား မြို့ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်အတွက် စက်မှုဥယျာဉ်မြို့တော်စီမံကိန်း အကောင်အထည်ဖော်နိုင်ရေး လျာထားသတ်မှတ်မှု ခွင့်ပြုနိုင်ဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ တင်ပြချက်အပေါ်မှာ ကျွန်တော်တို့ ၅-၈-၂၀၁၉ ရက်နဲ့ သမ္မတရုံးက ညွှန်ကြားမှုပြုထားပါတယ်။ ဒါလည်း ကျွန်တော်တင်ပြပါမယ်။ (၁) မြေသိမ်းကိစ္စများဆောင်ရွက်ရာတွင် မြေပိုင်ရှင်များ၏သဘော တူညီချက်ရယူပြီးယခုမှ စတင်သိမ်းဆည်းခြင်း ဟုတ်/မဟုတ်၊ (၂) ပြန်လည်စိစစ်စွန့်လွှတ်ပေးရမည့် မြေများကိုပြန်လည်စွန့်လွှတ်ပေးခြင်းမရှိဘဲ ထပ်မံသိမ်းယူခြင်းမျိုးမဖြစ်စေရေး အထူးဂရုစိုက်ရန်၊ (၃) သိမ်းဆည်းခံလယ်ယာမြေများနှင့်စပ်လျဉ်း၍ ပြည်သူများနစ်နာမှုမရှိစေရန် နိုင်ငံတော်က ချမှတ်ထားသည့် ပြန်လည်စွန့်လွှတ်ရမည့်မူဝါဒများနှင့် ညီညွတ်မှုရှိစေရန်၊ (၄) စီမံကိန်းများအတွက် မြေသိမ်းကိစ္စများဆောင်ရွက်ရာတွင်လည်း မြေပိုင်ရှင်များ၏ သဘောတူညီချက်ရယူပြီးမှ တည်ဆဲဥပဒေများနှင့်ဆောင်ရွက်ရန်။ ကျွန်တော်တို့ လုံခြုံရေးနှင့် တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီအနေနဲ့လည်း တင်ပြရာမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆောင်ရွက်မယ့် စီမံကိန်းများကိုသာ မူအားဖြင့် သဘောတူခဲ့ခြင်းဖြစ်ပါတယ်။ သိမ်းဆည်းမြေအပေါ်မှာ ၂၀ ရာခိုင်နှုန်းကို မြေပိုင်ရှင်ကလည်းကောင်း၊ ၈၀ ရာခိုင်နှုန်းကို နိုင်ငံတော်ကလည်းကောင်း သတ်မှတ်ဆောင်ရွက်ခွင့်ဆိုတာကတော့ အဲဒီလိုသဘောတူခဲ့ခြင်းမဟုတ်ဘဲနဲ့ မြေပိုင်ရှင်များရဲ့ သဘောတူညီချက်ရရှိမှသာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်အနေနဲ့ ဆောင်ရွက်ဖို့ဆိုတာကို ညွှန်ကြားခဲ့ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်အပေါ်မှာ သိရှိလိုက်နာဆောင်ရွက်သွားဖို့အတွက်ကိုလည်း ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း အလေးထားရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)။** ။ ဟုတ်ကဲ့။ ရှင်းလင်းဖြေကြားပေးတဲ့ ဒုတိယဝန်ကြီး ဦးတင်မြင့်ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းကတော့ လေးချက်ပေါ့။ လေးချက်ဆိုတော့ (၁) ဘယ်လောက်သိမ်းသလဲ၊ ဘယ်လောက်ပြန်လည်စွန့်လွှတ်ပေးသလဲ။ ဒါပြောပြီးပါပြီ။ (၂) သိမ်းဆည်းတဲ့အထဲက စွန့်လွှတ်ပြီးတဲ့ထဲက ဘယ်လောက်ပြန်ပေးပြီးပြီလဲ။ ဒါလည်းရှင်းလင်း ဖြေကြားပြီးဖြစ်ပါတယ်။ (၃) ကျွန်တော် နည်းနည်းလေးမေးခွန်းလေးဆက်မေးချင်ပါတယ်။ အဲဒါ ကတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးမှ တင်ပြတဲ့စာပါ။ ကျွန်တော့်ဆီမှာလည်း ရှိပါတယ်။ အဲဒီတော့ ဒီစာမှာပါတဲ့ဟာက ဒီဇရိယာတွေက ဆိုကြပါစို့။ တွံတေးဆိုလို့ရှိရင် ကေ ၁၈၅၇၈ ကေ၊ နောက်တစ်ခါ အခြား ၁၆၉၅ ကေ၊ နောက်တစ်ခါ တွံတေးကားလမ်းဘေးမှာ ကေ ၃၀၉၄ ကေ၊ နောက်တစ်ခါ လှည်းကူးဘက်မှာ ကေ ၁၀၀၀၊ ရန်ကုန်အရှေ့ပိုင်း ဒဂုံမှာ ကေ ၉၀၀၀ စသည်အားဖြင့် ဒီလောက်များပြားတဲ့မြေတွေသိမ်းဖို့အတွက်ကို ခင်ဗျားတို့ဆီကိုတင်တဲ့အခါမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံကိန်းတွေ တကယ်ပါရဲ့လား။ ဒါတွေက MIC ကိုသွားပြီး ပြီလား။ ဘာမှမလုပ်သေးဘဲနဲ့ မြေတွေကိုကြိုသိမ်းပြီးတော့မှ ဒီဟာမျိုး ပွင့်ပွင့်လင်းလင်းပြောရမယ် ဆိုရင် ခွင်ရိုက်တယ်ဆိုတာမျိုးကို သမ္မတရုံးကနားလည်ဖို့လိုတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့မှ ခင်ဗျားတို့ ၈၀/၂၀ ခွင့်ပြုချက်နဲ့ပေးခဲ့တယ်ဆိုတဲ့ဟာတွေသည် သမ္မတရုံးအနေနဲ့ပါ ပြည်သူလူထုက အထင်အမြင်မှားစရာဖြစ်နေတယ်ဆိုတဲ့ဟာကို ဒါကိုသိရှိပါသလားဆိုတာ ကျွန်တော်မေးချင်တာ။

နောက်တစ်ခုကတော့ ဘာလဲဆိုလို့ရှိရင် ၈၀/၂၀ ကိုမှမလိုက်နာဘူးဆိုလို့ရှိရင် မင်းတို့ တစ်သက်လုံး အခြားနည်းသုံးစွဲခွင့်မရစေရဘူးဆိုပြီးမှ အောက်ခြေမှာခြိမ်းခြောက်မှုတွေနဲ့အတူတူ ၈၀/၂၀ ဆိုတာကို သဘောတူအောင် ပြည်သူလူထုကို ကြောက်ရွံ့အောင်၊ ထိပ်လန့်အောင်

လုပ်နေတယ်ဆိုတာကို သမ္မတရုံးကသိသလားဆိုတာကို ကျွန်တော်မေးချင်ပါတယ်။ ဒါကတော့ နံပါတ်(၃)မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ဆက်စပ်မေးခွန်းပါ။ နံပါတ်(၄)မေးခွန်းကတော့ ကျွန်တော် မေးတာ ရှင်းရှင်းလေးပဲ။ စမ်းကြီးဝနဲ့မင်္ဂလာဒုံမှာ ဧက ၁၀၀၀ လောက်ရှိတယ်။ ဧက ၉၀ ပြန်ပေး ပြီးပြီ။ ကျန်တဲ့ဟာတွေ ခင်ဗျားတို့ပြန်မပေးသေးဘူး။ ပြန်မပေးသေးဘဲနဲ့ အဲဒီဟာကိုပါ ၈၀/၂၀ ထဲမှာ သွပ်သွင်းပြီးတော့မှလုပ်နေတယ်။ အဲဒါက ဘာတွေရှုပ်နေလို့ပြန်မပေးသေးတာလဲ။ ဘယ်တော့ပြန်ပေးမှာလဲ။ အဲဒါသိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါ တယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ခုနကမေးသွားတဲ့မေးခွန်းတွေများစွာထဲမှာ ကျွန်တော် (၁)နဲ့(၂)ဖြေပြီးတော့ (၃)ကတော့ ခုနပြောတဲ့ သိမ်းဆည်းဖို့လုပ်တဲ့အခါမှာ Myanmar Investment Commission သို့တင်ပြခြင်းရှိ/မရှိ စသည်ဖြင့် ဒီမေးခွန်း အပေါ်မှာတော့ ကျွန်တော်တို့ကိုပြန်လည်စိစစ်ပြီးတော့ တင်ပြပါမယ်။ အဲဒီတော့ ကျွန်တော်တို့ကတော့ စက်မှု ဥယျာဉ်မြို့တော်စီမံကိန်းအသုံးပြုဖို့အတွက်ဆိုပြီးတော့မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ တင်ပြချက်တွေထဲမှာ စီမံကိန်းအဆိုပြုတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ရေရှည်တည်တံ့ ခိုင်မြဲပြီးတော့ ဟန်ချက်ညီတဲ့ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)ရဲ့ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိ/မရှိ၊ ဖွံ့ဖြိုးမှု အကူအညီများညှိနှိုင်းအဖွဲ့၊ ဒါအခုကိုပေးပို့ပြီးတော့ သူ့ရဲ့သဘောထားမှတ်ချက်နဲ့ ဆောင်ရွက်သွားဖို့ ဒါတွေလည်း ကျွန်တော်တို့ဆောင်ရွက်ထားတာရှိပါတယ်။

အဲဒီတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ တင်ပြချက်ကတော့ ဒီနေရာမှာ စက်မှုဇုန် မြို့တော်စီမံကိန်းတွေလုပ်မယ်။ ရန်ကုန်တိုင်းဒေသကြီးကို ထပ်မံပြီးတော့တိုးချဲ့ဆောင်ရွက်တဲ့

အခါမှာ နိုင်ငံတကာနှင့်အညီဖြစ်အောင်ဆောင်ရွက်မယ်ဆိုတဲ့အပိုင်းကို သူတို့တင်ပြထားတာ ရှိပါတယ်။ အဲဒီတော့ MIC တင်ပြမှုရှိ/မရှိတော့ ပြန်လည်ပြီးတော့မှ မေးမြန်းစိစစ်ပြီးတော့ ဖြေကြား သွားမှာဖြစ်ပါတယ်။ နောက် ခုနက နံပါတ်(၄)ဖြစ်တဲ့ သိမ်းဆည်းမြေပေါ်စွန့်လွှတ်မှု ကိုယ်စားလှယ် မေးတာ လှည်းကူးဘက်တော့ ထင်တယ်ခင်ဗျား။ စတုတ္ထမေးခွန်းအပေါ်မှာလည်း ပြန်လည်ပြီးတော့ စိစစ်တင်ပြပါမယ်။ ကျွန်တော်တို့ကတော့ ရှင်းလင်းတင်ပြရင်တော့ ဒီကိစ္စပေါ်မှာ လယ်ယာမြေနှင့် အခြားမြေများအား သိမ်းဆည်းခြင်းလယ်ယာပြန်/စစ်ကော်မတီမှာ မူဝါဒတွေကို နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ကိုယ်တိုင် ချမှတ်ပါတယ်။ ချမှတ်ပြီး ဆောင်ရွက် လျက်ရှိပါတယ်။ အဲဒီနေရာမှာ ယခင်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းမှု လယ်ယာပြန်/စစ် ကော်မရှင်ပါခင်ဗျား။ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းမှု ပြန်လည်စိစစ်ရေးကော်မရှင်ကနေပြီးတော့မှ စုစုပေါင်း အမှုတွဲကြီး ၁၈ တွဲနဲ့ စတင်လွှဲပြောင်းခဲ့တာ ဖြစ်ပါတယ်။ စတင်လွှဲပြောင်းခဲ့တဲ့အခါမှာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အပါအဝင် ရန်ကုန်တိုင်းဒေသကြီးက အင်မတန်များပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ယခင်အစိုးရလက်ထက် ပေါ့လေ။ မြေအသုံးချမှုစီမံရေးဗဟိုကော်မတီကို ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့်အခြား မြေများသိမ်းဆည်းမှု ပြန်လည်စိစစ်ရေးစုံစမ်းရေးကော်မရှင်ပါ။ အဲဒီကော်မရှင်ကြီးက လွှဲခဲ့တာ ဆိုလို့ရှိရင် စုစုပေါင်း အမှုတွဲပေါင်းက ၁၈ တွဲဖြစ်ပြီးတော့ ၁ မှ ၁၈ အစီရင်ခံစာပေါ့ဗျာ။ အစီရင်ခံစာ အပိုင်း(၁)မှ (၁၈)အထိ ဖြစ်ပြီးတော့ အဲဒီမှာ အမှုတွဲပေါင်းတောင် ၁၇၇၁၈ ဖြစ်ပါတယ်။ ၁၇၇၁၈ ပါ ။ စိစစ်ဖြေရှင်းပြီးအမှုတွဲအပေါင်းက ကျွန်တော်ခုနကတင်ပြသလိုပဲ ယခင်အစိုးရ လက်ထက်မှာဆိုရင် ၁၃၅၉၆ များစွာပြီးခဲ့ပါတယ်။ နောက် စိစစ်ဖြေရှင်းရန်ကျန်တဲ့ အမှုတွဲ ၄၁၂၂။ ဒါတွေကလည်း အင်မတန်နည်းပေမဲ့ ခက်ခဲတဲ့ဟာတွေဖြစ်ပါတယ်။ အဲဒီနေရာမှာလည်း ကျွန်တော်တို့ မူဝါဒအရ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ တပ်မတော်အပါအဝင်

ဝန်ကြီးဌာနအသီးသီးက သိမ်းဆည်းတဲ့မြေပေါ်က အသုံးမပြုရင် အမြန်ဆုံးပြန်လည်စွန့်လွှတ်ဖို့၊ အသုံးပြုခဲ့ပြီးတော့ လျော်ကြေး၊ နစ်နာကြေးတွေမပေးရင်လည်း ပေးဖို့ဆိုပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်လျက် ရှိပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတဲ့ တစ်ခုချင်း အမှုကိုတော့ ကျွန်တော် ပြန်လည်ပြီးတော့မှ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် အစိုးရအဖွဲ့ကို ပြန်လည်စိစစ်မေးမြန်းပြီးတော့ ဖြေကြားသွားမှာဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**မိုးမိတ်ခရိုင် မြို့သစ်တည်ဆောက်မှုကိစ္စ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတိုးသောင်(မိုးမိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသောဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးမိတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ မိုးမိတ်ခရိုင်မြို့သစ်စီမံကိန်း မည်ကဲ့သို့ဆက်လက်ဆောင်ရွက်မည်ဆိုတာကို သိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ထင်သာမြင်သာရှိအောင် ကျွန်တော့်ကို Power Point နဲ့တင်ပြခွင့်ပါ ခင်ဗျား။ ဆက်လက်ပြီးပြသွားပေးပါ။

အခုပြသွားတဲ့ပုံတွေကတော့ မိုးမိတ်မြို့နယ် ခရိုင်မြို့သစ်ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလကနေစပြီး တည်ဆောက်ခဲ့တဲ့ အခြေအနေဖြစ်ပါတယ်။ အဲဒီမှာ အဆောက်အဦတွေဟာဆိုလို့ရှိရင် နိုင်ငံတော်ကနေပြီးတော့မှ ကျပ်သန်းဘီလီယံကျော်ချီပြီး အကုန်ကျခံတည်ဆောက်ထားတာ

ဖြစ်ပါတယ်။ ဒါပေမဲ့ ယနေ့အချိန်ထိ ဒီအဆောက်အဦတွေမှာ ရုံးဝန်ထမ်းများဟာ တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လုံခြုံမှုမရှိလို့ပါ။ ဒီနေရာမှာဆိုလို့ရှိရင် ဆေးသမားတွေရဲ့ ခိုကိုးရာလည်းဖြစ်နေပါတယ်။ ထို့အတူပဲ ပြည်သူလူထုကိုလည်း လျှောက်လွှာတစ်စောင်ကို ကျပ် ၁၀၀၀ နဲ့လျှောက်ခိုင်းပြီးတော့ အိမ်ရာချထားပေးခြင်းလည်း မရှိသေးပါဘူး။ ဒါ က အခုဆိုလို့ရှိရင် လေးနှစ်၊ ငါးနှစ်တိုင်ခဲ့ပါပြီ။ နိုင်ငံတော်ကတည်ဆောက်ပေးထားတဲ့ ဒီအဆောက်အဦတွေ၊ ဒီငွေတွေ အဟောသိကံမဖြစ်ရလေအောင် ကျွန်တော်တို့ မိုးမိတ်မြို့နယ် မြို့သစ်စီမံကိန်းကို မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေဟု ဆက်လက်ပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒုတိယဝန်ကြီး ဦးတင်မြင့်ကိုပဲ ဆက်လက်ပြီးတော့ ဖြေကြားခွင့်ပြုပါခင်ဗျား။ မိုးမိတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

မိုးမိတ်ခရိုင်ကို မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ် နှစ်မြို့နယ်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၃၀-၁-၂၀၁၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၇၇/၂၀၁၄)ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ မိုးမိတ်မြို့သည် ခရိုင်ရုံးစိုက်သည့်မြို့ဖြစ်၍ ခရိုင်ရုံးများဖွင့်လှစ်နိုင်ရေးအတွက်လည်းကောင်း၊ တိုးတက်လာသော

လူဦးရေအရလည်းကောင်း မြို့မြေတိုးချဲ့ဖွဲ့စည်းရန်လိုအပ်လာသဖြင့် မိုးမိတ်မြို့နယ်၊ သရက်နီတောင်ကွင်းပြင်ရေိယာ ၃၀၀ ကေကျော်ရှိ မြေနေရာအား တင်ပြခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၅-၂-၂၀၁၅ ရက်တွင် ကျင်းပပြုလုပ်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁၂/၂၀၁၅) ဆုံးဖြတ်ချက်အပိုဒ် ၅(ဖ)အရ မြို့မြေတိုးချဲ့ဖွဲ့စည်းရန် အတည်ပြုခဲ့ကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အဆိုပါ မြို့မြေတိုးချဲ့ရေးအတွက် လျာထားတဲ့မြေနေရာဟာ ယာမြေဧရိယာ ၂၀၈ ကေနှင့် တောရိုင်းမြေဧရိယာ ၁၂၅ ကေဖြစ်ပြီးတော့ ယာမြေ ၂၀၈ ကေကို ၉-၁-၂၀၁၈ ရက်နေ့မှာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေအောင်အမည်ဖြင့် အခြားနည်းအသုံးပြုခွင့်လျှောက်ထားခဲ့ရာ တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ တောရိုင်းမြေ ၁၂၅ ကေကို မြို့နယ်အုပ်ချုပ်ရေးမှူးအမည်ဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအသုံးပြုခွင့်ရရှိရေး လျှောက်ထားခဲ့ရာ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီမှ ၁၉-၃-၂၀၁၉ ရက်မှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီကို တင်ပြထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ မြို့ကွက်သစ်တိုးချဲ့မယ့်နေရာမှာ ခရိုင်ရုံးချုပ်ဦးစီးဌာနရုံး၊ ခရိုင်ရဲတပ်ဖွဲ့ရုံး၊ ခရိုင်တရားရုံး၊ ခရိုင်ဥပဒေရုံး၊ ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံး၊ ခရိုင်လမ်းဦးစီးဌာနရုံး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးတို့မှ ရုံးအဆောက်အဦများ ဆောက်လုပ်ထားပြီးဖြစ်ပါကြောင်းနှင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မြို့ကွက်သစ်တိုးချဲ့မယ့်နေရာအနီးဝန်းကျင်ရှိ ကျေးရွာများတွင် လက်နက်ကိုင်အဖွဲ့များမှ ဆပ်/ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းများအပြင် ကျေးရွာနေပြည်သူများအား ဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်းများ ၂၇ ကြိမ်ရှိခဲ့ပြီး မိုးမိတ်မြို့အနီးတစ်ဝိုက်တွင် တပ်မတော်စစ်ကြောင်းနှင့် လက်နက်ကိုင်အဖွဲ့များ ထိတွေ့မှု ၁၁ ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရှိရပါတယ်။ မြို့ကွက်သစ်

တည်နေရာ၏ ပတ်ဝန်းကျင်အနီးတစ်ဝိုက်တွင် လက်နက်ကိုင်အဖွဲ့များ မကြာခဏဝင်/ထွက် သွားလာလေ့ရှိသောနေရာဖြစ်သဖြင့် လုံခြုံရေးကောင်းမွန်မှုမရှိခြင်း၊ လျှပ်စစ်မီးမရှိသေးခြင်းတို့ ကြောင့် လုံခြုံရေးကောင်းမွန်ပြီး လျှပ်စစ်မီးရရှိသည့်အချိန်မှသာ ယင်းနေရာရှိ ဌာနဆိုင်ရာရုံးများ သို့ ဝန်ထမ်းများသွားရောက်တာဝန်ထမ်းဆောင်နိုင်မှာဖြစ်ပါကြောင်း သိရှိတင်ပြအပ်ပါတယ် ခင်ဗျား။

မိုးမိတ်မြို့တိုးချဲ့ရာတွင် ယာမြေ ၂၀၈ ဧကနှင့် တောရိုင်းမြေ ၁၂၅ ဧကအား မြေအမျိုးအစား အလိုက် အခြားနည်းအသုံးပြုခွင့် လျှောက်ထားဆောင်ရွက်ဆဲဖြစ်ရန် ခွင့်ပြုမိန့်မရရှိသေးသဖြင့် အိမ်ရာများချထားပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် မြေအမျိုးအစားအလိုက် အခြားနည်းအသုံးပြု ခွင့် ခွင့်ပြုမိန့်ရရှိမှသာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အား ပေါင်းစပ် ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ အခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက မည်သို့အရေးယူ ဆောင်ရွက်မည်နှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရပါက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ခွင့်ပြုချက်လို/မလို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်ဗိုလ်(မြဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးစိန်ဗိုလ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးတို့ကို မည်ကဲ့သို့အရေးယူနိုင်သည်ဆိုတာကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေကို ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁)ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ပထမအကြိမ်ပြင်ဆင်သည့်ဥပဒေကို ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၇)ဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၃)ဖြင့်လည်းကောင်း၊ တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၁)ဖြင့်လည်းကောင်း ပြဋ္ဌာန်းခဲ့ပါတယ်။ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့ကို ဥပဒေနှင့်အညီ အိမ်ထောင်စုကိုယ်စားလှယ်များက ရွေးချယ်ခဲ့ကြပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နုတ်ထွက်ခြင်း၊ တာဝန်မှယာယီရပ်စဲခြင်း သို့မဟုတ် ရပ်စဲခြင်းနှင့် အစားထိုးခန့်အပ်ခြင်းကို ဥပဒေအခန်း(၈) ပုဒ်မ ၁၄၊ ၁၅၊ ၁၆ တို့တွင် ပြဋ္ဌာန်းထားပါတယ်။ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးတို့အတွက် ပြဋ္ဌာန်းချက်ပါရှိသည်ကို မတွေ့ရပါဘူး။ ကျေးရွာအုပ်စုတွင် ကျေးရွာတစ်ရွာမှ ကျေးရွာများပါဝင်နိုင်ပါတယ်။ ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများသည် အိမ်ထောင်စု ၃၀၀ ကနေ ၄၀၀ ကျော်ထိရှိနိုင်ပါတယ်။ တစ်ရွာနှင့်တစ်ရွာလေးမိုင်၊ ငါးမိုင်ကွာဝေးနိုင်ပါတယ်။ ဒါကြောင့် ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးတို့ဟာ ကျေးရွာအုပ်ချုပ်ရေးမှူးကဲ့သို့ အရေးပါအရာရောက်ပါတယ်။ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးတို့ ဥပဒေအခန်း(၅)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ပါက ဥပဒေအခန်း(၈)ပါပြဋ္ဌာန်းချက်သည်

အုပ်ချုပ်ရေးမှူး အတွက်သာဖြစ်၍ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးတို့ကို အရေးမယူနိုင်ကြောင်း ဆိုပါတယ်။

သို့ဖြစ်ပါ၍ (က) ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးတို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရ အခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမယ့်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက မည်သို့အရေးယူဆောင်ရွက်မည်၊ ဥပဒေအခန်း(၈)ပါပြဋ္ဌာန်းချက်ဖြင့် အရေးယူဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ (ခ)တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရပါက အထွေထွေအုပ်ချုပ်ရေးမှူးဦးစီး ဌာန၏ ခွင့်ပြုချက်လို/မလို စသည်တို့ကို ရှင်းလင်းစွာသိရှိနိုင်ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်မှပဲ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၏ ကြယ်ပွင့်ပြမေးခွန်းအပေါ် ဆက်လက်ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဠ)အရ ကျေးရွာတာဝန်ခံဆိုသည်မှာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား အထောက်အကူ ပြုရန်အတွက် သက်ဆိုင်ရာကျေးရွာရှိ ရာအိမ်မှူးများက ရွေးချယ်သည့်ပုဒ်မ ၅ ပါ အရည်အချင်း

များနှင့် ပြည့်စုံသူကိုဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ ၆ အရ ပြင်ဆင်ဖြည့်စွက်သည့်ပုဒ်မ ၇ ပုဒ်မခွဲ(ဆ)တွင် ကြီးကြပ်ရေးအဖွဲ့သည် ကျေးရွာတစ်ရွာထက် ပိုမိုဖွဲ့စည်းထားသော ကျေးရွာအုပ်စုများတွင် သက်ဆိုင်ရာကျေးရွာတာဝန်ခံအဖြစ် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက မိမိတို့ထံမှတစ်ဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်ရမည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ ၁၅ တွင် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးဦး နှင့်ပတ်သက်၍ ပုဒ်မ ၁၅ ပုဒ်မခွဲ(ခ)တွင် အခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် တစ်ရပ်ရပ်ကိုဖောက်ဖျက်ခြင်း၊ ပုဒ်မ ၁၅ ပုဒ်မခွဲ(ဂ)တွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေး ယူခြင်းခံရပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား တာဝန်မှယာယီ ရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းများပြုလုပ်နိုင်သည်ဟု ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအတွက်သာ ပြဋ္ဌာန်းထားကြောင်း တင်ပြအပ်ပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို တာဝန်ခံသော ကျေးရွာတာဝန်ခံ များသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ဆ)အရ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက မိမိတို့ထဲမှတစ်ဦးကို အများဆန္ဒနှင့် အညီရွေးချယ်တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော် ကိုယ်စားလှယ်တော်ကြီး၏ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး များသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ(ခ)တွင် အခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်တစ်ရပ်ရပ်ကိုဖောက်ဖျက်ခြင်း၊ ပုဒ်မ ၁၅ ပုဒ်မခွဲ(ဂ)တွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေပုဒ်မ ၁၅ ပါအတိုင်း အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့်

ၚင်းကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးများသည် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကွပ်ကဲမှုအောက်တွင်ရှိသောကြောင့် တည်ဆဲဥပဒေတစ်ရပ်အရ အရေးယူခြင်းခံရပါ က သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်(Sanction)ရယူရန် လိုအပ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**အာဟာရပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်သောစားကျက်မြေများဖြစ်ပေါ်စေရေးအတွက် စားကျက်မြေများကို လက်ရှိစီမံခန့်ခွဲနေသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ လုပ်ငန်းဆက်စပ်မှုရှိသော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအောက်သို့ လွှဲပြောင်းပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့အစည်းအဝေးကိုကြွရောက်လာတဲ့ ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူ အပေါင်းကို မင်္ဂလာပါလို့ဦးစွာ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်းဖြစ်ပါတယ်။ ယနေ့ ကျွန်တော်မေးလိုတဲ့ မေးခွန်းက လက်ရှိစီမံခန့်ခွဲနေတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကရှိနေတဲ့ စားကျက်မြေများကို လုပ်ငန်းဆက်စပ်မှုရှိတဲ့မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအောက်ကို လွှဲပြောင်းနိုင်ခြင်းရှိ/မရှိနဲ့ပတ်သက်တဲ့မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းကိုမေးရတဲ့အကြောင်းအရင်းက အခုအခါမှာ ကျွန်တော်တို့နိုင်ငံဟာ မွေးမြူရေး ဆိတ်၊ ကျွဲ၊ နွား စတဲ့အကောင်များကို တရားဝင် နိုင်ငံခြားကို တင်ပို့ရောင်းချခွင့်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မွေးမြူရေးလုပ်ငန်းဟာ ကျေးရွာများမှာ တဖြည်းဖြည်းနဲ့ထွန်းကားလာမယ့်အခြေအနေရှိပါတယ်။ အဲဒီအခါမှာ အာဟာရပြည့်ဝတဲ့၊

ကောင်းမွန်တဲ့စားကျက်များ လိုအပ်လာပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကို ကျွန်တော် မေးရခြင်းဖြစ်ပါတယ်။ လွတ်လပ်ရေးမရခင်ကတည်းက အင်္ဂလိပ်အစိုးရဟာ စားကျက်မြေများကို ထားခဲ့ပြီးတော့ နယ်တိုင်းနယ်တိုင်းရှိ အကျိုးသက်ရောက်မှုရှိတဲ့အုပ်ချုပ်ရေးဌာနကို ဒါတွေကို စီမံခန့်ခွဲဖို့ပေးအပ်ခဲ့တာဖြစ်ပါတယ်။ အခုအခါမှာတော့ ဝန်ကြီးဌာနပေါင်းစုံကလည်းပဲ ကျေးရွာများ အထိ ခရီးပေါက်နေပြီဖြစ်တဲ့အတွက် ဒီစားကျက်မြေများကို သက်ဆိုင်ရာဦးစီးဌာနများအောက်ကို လွှဲပြောင်းပေးနိုင်ဖို့ လွှဲပြောင်းပေးချိန်ရောက်ပြီလို့ယူဆတဲ့အတွက် ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါ တယ်။ ဘာပဲဖြစ်ဖြစ် များပြားလှတဲ့စားကျက်မြေများကို အခု ဒီကာလအရှည်ကြာအောင် ထိန်းသိမ်း ထားနိုင်တဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုလည်းပဲ ဒီနေရာမှာ ကျေးဇူးတင်ကြောင်း ပြောကြား လိုပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းနဲ့ပတ်သက်ပြီး စားကျက်မြေများကို အရေအတွက်အားဖြင့် လည်းကောင်း၊ အရည်အသွေးအားဖြင့်လည်းကောင်း အချက်နှစ်ချက်နဲ့မေးမြန်းတင်ပြမှာ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မေးမြန်းချက်ကို Power Point ဖြင့် မေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ၁၉၆၂ ခုနှစ်မတိုင်ခင်က ကျွန်တော်တို့နိုင်ငံမှာ စားကျက်မြေပေါင်း ၉၀၀၀၀၀ ကျော်ရှိခဲ့ပါတယ်။ ဒါဟာ ၁၉၇၄ ခုနှစ်မှာထုတ်ပြန်တဲ့စာရင်းအရပါ။ တစ်ခါ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ စားကျက်မြေဧရိယာဟာ ၂၀၀၀၀၀ နီးပါးလောက်လျော့သွားပြီးတော့ ၇၆၀၀၀၀ ကျော်ပဲကျန်ခဲ့ပါ တယ်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလမှာကျတော့ ၇၂၀၀၀၀ ကျော်ထိ ၄၀၀၀၀ လောက်ထပ်ပြီး လျော့သွားတာဖြစ်ပါတယ်။ ဒီနေရာမှာလျော့သွားတဲ့ပြည်နယ်တွေ တစ်ပြည်လုံးက တိုင်းဒေသကြီး နှင့် ပြည်နယ်တွေမှာရှိတဲ့ စားကျက်မြေများကို ကျွန်တော်ဖော်ပြထားပါတယ်။ ဒီနေရာမှာ ဥပမာ အားဖြင့် မကွေးတိုင်းဒေသကြီးမှာ လေးမြို့နယ်ပဲကျန်ပါတော့တယ်။ ချင်းပြည်နယ်မှာ တစ်မြို့နယ် ပဲကျန်ပါတော့တယ်။ ဒီမြို့နယ်များဟာ စားကျက်မြေတွေပျောက်ဆုံးသွားတာဖြစ်ပါတယ်။

ဒီမှာလည်းပဲ ကျွန်တော်တို့ ဒီမြို့နယ်တွေမှာအများကြီးရှိပေမဲ့ နေပြည်တော်ကတော့ နောက်မှ ပေါ်တဲ့အတွက် တစ်မြို့နယ်ပဲရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာ စုစုပေါင်း အခုလက်ရှိရှိနေတဲ့ စားကျက်မြေဧရိယာများ ဖြစ်ပါတယ်။ ဆိုလိုချင်တာက အရေအတွက်အားဖြင့် လျော့ပါးသွား သည်လို့ဆိုလိုချင်တာဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။

ဒုတိယပိုင်းအနေနဲ့ အရည်အသွေးအားဖြင့် ကျွန်တော်ပြောလိုပါတယ်။ အရည်အသွေး အားဖြင့်လည်းပဲ စားကျက်မြေများဟာ ဖွံ့ဖြိုးတိုးတက်လာခြင်းမရှိပါဘူး။ ဒီစားကျက်မြေများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအောက်ကိုပေးလိုက်မယ်ဆိုရင် အခုနောက်ပိုင်းမှာစားကျက်မြေ များအတွက် အင်မတန်စိုက်လို့ကောင်းမယ့် ဂလိုဖာတို့၊ နေဗီယာတို့၊ အယ်ဖာဘာတို့စတဲ့ မြက်တွေ၊ ပဲတွေကို စိုက်ပျိုးပြီးတော့မှ စားကျက်မြေတွေဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စားကျက်မြေများကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်မယ့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဆီကို ဒီစားကျက်မြေ များကို လွှဲပြောင်းပေးအပ်နိုင်ခြင်းရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်မှ ဧရာဝတီတိုင်းဒေသကြီး၊

ကျိုက်လတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း၏ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးအတွက် ကျွဲ၊ နွားများကို မှီခိုအားထားရသဖြင့် ယင်းကျွဲ၊ နွားများအတွက် အစာရေစာလုံလောက်စေရန် စားကျက်မြေများကို ထိန်းသိမ်းရန်လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ စားကျက်မြေဆိုသည်မှာ ကျွဲ၊ နွားများ အညောင်းညာပြေစေရန်၊ လွှတ်ကျောင်းမွေးမြူရန်အတွက်လည်းကောင်း၊ ကျွဲ၊ နွားများအစာရေစာ ရရှိစေရန်အတွက်လည်းကောင်း၊ ကျေးရွာအုပ်စုတစ်ခု သို့မဟုတ် နီးစပ်ရာကျေးရွာများ အသုံးပြုနိုင်ရန်အတွက် သတ်မှတ်ထားတဲ့မြေများကိုဆိုလိုကြောင်း တင်ပြအပ်ပါတယ်။

စားကျက်မြေသည် နိုင်ငံတော်အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအမျိုးအစားတွင်ပါဝင်ပြီး စားကျက်မြေစီမံခန့်ခွဲခြင်း၊ စားကျက်မြေတည်ထောင်ခြင်း၊ ထုတ်နုတ်ပယ်ဖျက်ခြင်းတို့နှင့် ပတ်သက်ပြီး ၁၈၇၆ ခုနှစ်၊ မြေနှင့်အခွန်အက်ဥပဒေ ပုဒ်မ ၂၀ နှင့် ၁၈၇၆ ခုနှစ်၊ အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၆၆ မှ ၇၇၊ ၁၈၈၉ ခုနှစ်၊ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၇၅ မှ ၇၉၊ မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၉၀ မှ ၁၀၈ အထိ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီမံခန့်ခွဲဆောင်ရွက်ရပါကြောင်း တင်ပြအပ်ပါတယ်။ စားကျက်မြေများတွင် နေရာဒေသအလိုက် နှစ်ကာလများစွာကပင် အကြောင်းအမျိုးမျိုးကြောင့် ကျူးကျော်အသုံးပြုသူများရှိခဲ့သည့်အလျောက် စာကျက်မြေများ မပျောက်ပျက်စေရန်နှင့် စားကျက်မြေကို ထပ်မံကျူးကျော်မှုမရှိစေရန် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ တည်ဆဲဥပဒေများနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း တင်ပြ အပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၆၉၊ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၇၈ တို့တွင် ကျွဲ၊ နွား စားကျက်တစ်စုံတစ်ရာကို အပြီးသတ်နယ်နိမိတ်ပိုင်းခြားသတ်မှတ်ပေးသည့်အခါ ၎င်း ကျွဲ၊ နွားစားကျက်မြေအတွင်းပါဝင်သည့် မြေတစ်စုံတစ်ရာကို စာကျက်မြေပြုလုပ်ခြင်းကိစ္စမှအပ အခြားကိစ္စတစ်စုံတစ်ရာအတွက် လက်ရှိလုပ်ကိုင်သူ သို့မဟုတ် ကော်လိတ္တော်အရာရှိထံမှ အထူးခွင့်ပြုမိန့်မရဘဲ ၎င်းစာကျက်မြေတွင် ပေါက်ရောက်သည့် သစ်ပင်၊ ဝါးပင်၊ ချုံနွယ်များနှင့် မြက်များကို ခုတ်လှဲရွှေ့ပြောင်းသယ်ယူသူမည်သူကိုမဆို အောက်မြန်မာနိုင်ငံတွင် ဒဏ်ငွေ ၂၀၀ ကျပ်၊ ထောင်ဒဏ်တစ်လနှင့်အထက်မြန်မာနိုင်ငံတွင် ဒဏ်ငွေ ၅၀၊ ထောင်ဒဏ် ၁၅ ရက်ထိ ပြစ်ဒဏ်များချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းသတ်မှတ်ထားခဲ့ပါတယ်။ ဒါကြောင့် စားကျက်မြေများ သတ်မှတ်ခြင်း၊ ထိန်းသိမ်းဆောင်ရွက်ခြင်းများသည် ကျွဲ၊ နွားများအတွက် အစာရေစာရရှိရန် အတွက်သာမကဘဲ သဘာဝအလျောက် သစ်ပင်ချုံနွယ်များအတွင်း တိုးပွားလာခြင်း၊ လွှတ်ကျောင်းခြင်းများ ပြုလုပ်နိုင်ရန်အတွက် စားကျက်မြေများအတွင်း ပေါက်ရောက်သော သစ်ပင်၊ ဝါးပင်၊ ချုံနွယ်များကို ထိန်းသိမ်းစောင့်ရှောက်ရသည့် ကဏ္ဍများလည်းပါဝင်ကြောင်း တွေ့ရှိတင်ပြအပ်ပါတယ်။

စားကျက်မြေများကို နိုင်ငံတော်အကျိုးငှာလည်းကောင်း၊ အများပြည်သူအကျိုးငှာ လည်းကောင်း နီးစပ်ရာကျေးရွာများမှ စားကျက်မြေအဖြစ် အသုံးပြုမှုနည်းပါး၍သော် လည်းကောင်း၊ နည်းပါး၍သော်လည်းကောင်း၊ မြို့မြေ၊ ရွာမြေတိုးချဲ့ခြင်း၊ လယ်ယာစိုက်ပျိုးမြေ အဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ ဘာသာရေး၊ သာသနာရေးဆိုင်ရာလုပ်ငန်းများအဖြစ် ပြောင်းလဲ အသုံးပြုခြင်း၊ တပ်မတော်၊ တပ်ရင်းတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာမြေများအဖြစ် ပြောင်းလဲအသုံးပြု ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် စားကျက်မြေအဖြစ်မှပယ်ဖျက်နိုင်ရေး လျှောက်ထားလာပါက

အမှန်တကယ်လိုအပ်မှုရှိ/မရှိစိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏သဘောတူခွင့်ပြုချက်ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပယ်ဖျက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

စားကျက်မြေစီမံခန့်ခွဲခြင်းကိစ္စရပ်များကို တည်ဆဲဥပဒေများနှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆက်စပ်မှုရှိသော မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအောက်သို့ လွှဲပြောင်းပေးအပ်ရန် အစီအစဉ်ရှိ/ မရှိမေးခွန်းနှင့်စပ်လျဉ်း၍ စားကျက်မြေစီမံခန့်ခွဲခြင်းကိုတာဝန်ယူဆောင်ရွက်မည့် ဦးစီးဌာန၏ မြို့နယ်အလိုက်တည်ရှိမှု၊ လက်ရှိဝန်ထမ်းအင်အားအခြေအနေ၊ ယင်းတို့၏ အဓိကကျွမ်းကျင်မှုဘာသာရပ်အခြေခံနောက်ခံနှင့် ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာများအားလုံးကို လွှမ်းခြုံနိုင်မှုအခြေအနေစတဲ့အခြေအနေအရပ်ရပ်ကို မူတည်ပြီးတော့မှ စဉ်းစားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း လွှဲပြောင်းပေးအပ်မည်ဆိုပါက လက်ရှိတည်ဆဲဥပဒေများကိုလည်း ပြန်လည်ပြင်ဆင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သို့ဖြစ်ပါ၍ စားကျက်မြေစီမံခန့်ခွဲပိုင်ခွင့်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအောက်သို့ လွှဲပြောင်းပေးရန် လောလောဆယ်ဆယ် အစီအစဉ်မရှိပါကြောင်းနှင့် အာဟာရပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်သော စားကျက်မြေများဖြစ်ပေါ်စေရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တည်ဆဲမြေယာဥပဒေများနှင့်အညီ စားကျက်မြေအဖြစ် အသုံးပြုခွင့်လျှောက်ထားလာပါ က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပိုင် စားကျက်မြေများအဖြစ် တည်ထောင် သတ်မှတ်ပေးသွား မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

မူကြမ်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁:၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအားဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတင်သွင်းသော မြန်မာနိုင်ငံဆေးကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ (၁၀-၉-၂၀၁၉ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၂-၉-၂၀၁၉ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ်သုံးဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ရပ်လုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်အလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးတင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကိုပြင်ဆင်သည့်

ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်(၁၉)ချက်ကို တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါ တယ်။ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်း သော မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။

ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ဖြစ်သည့် ၁၀-၉-၂၀၁၉ ရက်(အင်္ဂါနေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၁၂-၉-၂၀၁၉ ရက်(ကြာသပတေးနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဗိုလ်မှူးမိုးမြင့်အောင်၊ ဗိုလ်မှူးထင်လင်းဦး၊ ဗိုလ်မှူးဝင်းမင်းထွန်းတို့က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၈–၉–၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းသူ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါသည်။

ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁၉)ချက်ရှိပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁၉)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၂ | ၃၊ ၄ | အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၊ အပိုဒ် ၃ ခြေဆင်း |
| (ခ) | ၃ | ၆ | အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂ အပိုဒ်ခွဲ(ခ){ပုဒ်မ ၂ ပုဒ်မခွဲ(ဠ) နှင့် (ဌ)တို့ကို ပြင်ဆင်ခြင်း}ကို ပယ်ဖျက်ခြင်း |
| (ဂ) | ၄ | ၇၊ ၈၊ ၁၀ | အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃ {ပုဒ်မ ၅ ကိုပြင်ဆင်ခြင်း}ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၄ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)ခြေဆင်း၊ အပိုဒ်ခွဲ(ခ)ခြေဆင်း |
| (ဃ) | ၅ မှ ၆ | ၁၂၊ ၁၄၊ ၁၅၊ ၁၇ | အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၆ {ပုဒ်မ ၈ ပုဒ်မခွဲ(က) |

| | | | |
|---|---|---|---|
| | | | ပုဒ်မခွဲငယ်(၃)နှင့် ပုဒ်မခွဲ(ခ)တို့ကို ပြင်ဆင်ခြင်း}၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၈{အခန်း(၅) ခေါင်းစဉ်ကို ပြင်ဆင်ခြင်း} |
| (င) | ၇ | ၁၈၊ ၂၁ | အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၁၁ ခြေဆင်းနှင့် အပိုဒ်ခွဲ(က) ခြေဆင်း |
| (စ) | ၈ | ၂၃၊ ၂၄ | အပိုဒ် ၁၁ အပိုဒ်ခွဲ(ခ){ပုဒ်မ ၂၀ ပုဒ်မခွဲ(ဂ)ကို ပယ်ဖျက်ခြင်း}၊ အပိုဒ် ၁၂ ခြေဆင်းနှင့် ပုဒ်မ ၃၀ ပုဒ်မခွဲ(က)ခြေဆင်း |
| (ဆ) | ၉ | ၂၆ | အပိုဒ် ၁၂ {ပုဒ်မ ၃၀ ပုဒ်မခွဲ(ခ)နှင့် (ဂ)တို့ကို ပြင်ဆင်ခြင်း} |
| (ဇ) | ၁၀ | ၂၇၊ ၂၈ | အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၃ {ပုဒ်မ ၃၅ ကို ပြင်ဆင်ခြင်း} ကို ပယ်ဖျက်ခြင်း၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၄ {ပုဒ်မ ၃၆ ကို ပြင်ဆင်ခြင်း}ကိုပယ်ဖျက်ခြင်း၊ |
| (ဈ) | ၁၁ | ၂၉၊ ၃၀ | အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၅ {ပုဒ်မ ၃၉ ကို ပြင်ဆင်ခြင်း} ကိုပယ်ဖျက်ခြင်း၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၄ {ပုဒ်မ ၃၆ ကို ပြင်ဆင်ခြင်း}ကို ပယ်ဖျက်ခြင်း၊ |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက်(၁၉)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

မူကြမ်း

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါရှင်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်များအား ကျွန်မတို့ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်(၁၉)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌနှင့်**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ နိုင်ငံ ဆေးကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၁၉) ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုး တိုးတက်ရေးကော်မတီကတင်သွင်းသော မြန်မာနိုင်ငံဆေးကောင်စီဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲ သွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဆေးကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင် ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတင်သွင်းသော မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါပြီ။

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့တွင် တင်သွင်း ခဲ့တဲ့ ပညာရေးမြှင့်တင်မှုကော်မတီရဲ့အစီရင်ခံစာနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော် ကိုယ်စားလှယ်(၁၂)ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ မျိုးဆက်သစ်များ၏ ပညာရေးအတွက် အခြေခံဆရာဆရာမများ၏ ကျွမ်းကျင်မှုနှင့် လေ့ကျင့်သင်ကြားမှုဆိုင်ရာ လေ့လာမှုအစီရင်ခံစာအပေါ်မှာ အကြံပြုထောက်ခံဆွေးနွေးသွားမယ့် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင် ဖြစ်ပါတယ်။ မျိုးဆက်သစ်များ၏ ပညာရေးအတွက် အခုလိုမျိုးအစီရင်ခံစာ ပြည်သူ့လွှတ်တော်မှာ တင်သွင်းခြင်းကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျာ။ အစီရင်ခံစာ၏ အမှတ်စဉ်(၉) (စ) မှာ ဗလငါးတန်ပါဝင်သော သင်ယူမှုရလဒ်များပြည့်မီရေးအတွက် စာသင်ခန်းများအတွင်း ထိရောက်သောသင်ကြားမှုများဖြစ်ပေါ်စေရန် လိုအပ်ခြင်းလို့ပါရှိပါတယ်။ ဒါကြောင့်မို့လို့ မျိုးဆက်သစ်ကျောင်းသူ၊ကျောင်းသားများ၏ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍဟာ အရေးကြီးတဲ့ဆက်နွယ်မှု အစိတ်အပိုင်းဖြစ်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဆရာ၊ဆရာမများ၏ သင်ကြားရေးအပိုင်းမှာလည်း ကျောင်းကျန်းမာရေးနှင့်ပတ်သက်တဲ့ သင်ကြားမှုအခန်းကဏ္ဍကိုလည်း အခုအစီရင်ခံစာမှာ ထည့်သွင်းဖော်ပြစေချင်ပါတယ်။ ကျောင်းကျန်းမာရေးနှင့်ပတ်သက်တဲ့သင်ကြားမှု အခန်းကဏ္ဍမှာ ကျန်းမာရေးဝန်ကြီးဌာန သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးတို့ ပူးပေါင်းဆောင်ရွက်မှုအပိုင်းကိုလည်း ပါရှိစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျန်းမာရေးကောင်းမွန်ပြီး ရောဂါအန္တရာယ်ကင်းတဲ့ မျိုးဆက်သစ်ကျောင်းသူကျောင်းသားများဖြစ်ဖို့ဆိုရင် ရောဂါတစ်ခုကို ဖြစ်ပွားစေတဲ့ အခြေခံအကြောင်းရင်းနဲ့ဆိုင်တဲ့ ကျန်းမာရေးဆိုင်ရာဗဟုသုတများ လိင်ပိုင်းဆိုင်ရာအကာကွယ်ပေးနိုင်တဲ့ ဗဟုသုတများကို ကျောင်းသူကျောင်းသားများသိရှိဖို့က အလွန်ကိုအရေးကြီးပါတယ်။ ဒါမှလည်း ကျောင်းသူကျောင်းသားများဟာ အဲဒီရောဂါများမဖြစ်အောင် ဆင်ခြင်ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့်အတူ ကျောင်းသူကျောင်းသားများစားသုံးနေတဲ့ ကျောင်းမုန့်ဈေးတန်းမှာလည်း ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များရောင်းချမှုရှိမရှိကို စုံစမ်းလေ့လာမှုပြုလုပ်ခြင်းအပိုင်းမှာ ထည့်သွင်းနိုင်ဖို့ကိုလည်း အကြံပြုလိုပါတယ်။ အစီရင်ခံစာ၏ အမှတ်စဉ်(၄၅)မှာပါရှိတဲ့ စာသင်ကြားရာတွင် အဆောက်အဦလိုအပ်ချက်ရှိ/မရှိ လုံလောက်မှုရှိ/မရှိ တို့အပြင်စာသင်ကျောင်းတွင် ကျောင်းသားဦးရေအချိုးနှင့်အညီ သန့်ရှင်းသော သန့်စင်ခန်းများ လုံလောက်မှုရှိ/မရှိကိုလည်း ထည့်သွင်းဖော်ပြစေချင်ပါတယ်။ ၎င်းအပြင်သန့်ရှင်းသောရေကို သန့်စင်ခန်းများတွင် လုံလောက်စွာသုံးစွဲနိုင်ခြင်းရှိ/မရှိဟာလည်း ကျောင်းသူကျောင်းသားများ၏ ကျန်းမာရေးအတွက် အလွန်ပဲအရေးကြီးပါတယ်။ ဗလငါးတန်ဖွံ့ဖြိုးသော ကျောင်းသူကျောင်းသားများဖြစ်ဖို့ဆိုရင် စာသင်ကျောင်းတွေမှာ ကျောင်းသူကျောင်းသားများအတွက် အားကစားကွင်းရှိဖို့လည်း လိုအပ်ချက်တစ်ခုဖြစ်လို့ နောက်နေ့များမှ တင်သွင်းမယ့် မျိုးဆက်သစ်များ၏ ပညာရေးအတွက် စုံစမ်းလေ့လာမှုအစီရင်ခံစာမှာ ဒီထက်ပိုမိုပြည့်စုံတဲ့ အစီရင်ခံစာဖြစ်လာဖို့ ဆန္ဒပြုပါတယ်။ အစီရင်ခံစာဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်။ အားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစောဗစ်တာခလိုက်(သံတောင်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ ကိုယ်စိတ်နှစ်ပါး ကျန်းမာပျော်ရွှင်ချမ်းမြေ့ပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ သံတောင်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက်

ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ မျိုးဆက်သစ်များ၏ ပညာရေးအတွက် အခြေခံဆရာဆရာမများ၏ ကျွမ်းကျင်မှုများနှင့် လေ့ကျင့်သင်ကြားမှုဆိုင်ရာ စုံစမ်းလေ့လာမှုအစီရင်ခံစာနှင့်စပ်လျဉ်းပြီး ထောက်ခံဆွေးနွေးအကြံပြုသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးမြှင့်တင်မှုကော်မတီ၏ စုံစမ်းလေ့လာမှု အဓိကရည်ရွယ်ချက်က လွှတ်တော်ကော်မတီများအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်နေသော လုပ်ငန်းများ၊ အကောင်အထည်ဖော်သော်မူဝါဒများ၊ ပိုမိုကောင်းမွန်ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ပြည်သူလူထုများနှင့်လည်းကောင်း၊ သက်ဆိုင်ရာကဏ္ဍအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး ဝန်ကြီးဌာနများကို အကြံပေးနိုင်ရန် လုပ်ငန်းစဉ်တစ်ခု ဖြစ်သည့်အပြင် စုံစမ်းလေ့လာမှုသည် လွှတ်တော်၏စောင့်ကြည့်ထိန်းညှိခြင်းကဏ္ဍကို ပိုမိုထိရောက်စွာဆောင်ရွက်ပေးနိုင်သော နည်းလမ်းဖြစ်တဲ့အတွက်ကြောင့် ဤလုပ်ဆောင်ချက်ကို အထူးပင်ထောက်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း အရ ပညာရေးကဏ္ဍများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအရှိန်အဟုန်မြှင့်ဆောင်ရွက် လျက်ရှိရာ မျိုးဆက်သစ်များ၏ပညာရေးအတွက် အခြေခံဆရာဆရာမများ၏ ကျွမ်းကျင်မှု၊ လေ့ကျင့်သင်ကြားမှု၊ သက်ဆိုင်ရာမိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့၊ ပြည်သူနှင့် ရပ်ရွာအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရန်အထူးလိုအပ်ပါကြောင်း အကြံပြုလိုပါတယ်။ ကော်မတီ အနေနဲ့ အချက်ငါးချက်ပေါ်မူတည်ပြီး စုံစမ်းလေ့လာရာမှာတွေ့ရှိတဲ့ အဓိကအချက်များကတော့ ကျောင်းသားအချိုးနှင့် ဆရာဆရာမအချိုးမညီမျှခြင်း၊ သင်ကြားမှုအားနည်းခြင်း၊ ဆရာဆရာမများ

ဆရာလမ်းညွှန်စာအုပ်အချိန်မီ ရရှိရန်လိုအပ်ခြင်း၊ သင်ရိုးသစ်အတွက် ပို့ချသည့်သင်တန်းတိုတောင်းသည့်အတွက်ကြောင့် ဆရာဆရာမများစဉ်ဆက်မပြတ် ဆက်လက်လေ့လာရန် လိုအပ်ခြင်း၊ အချို့ဆရာဆရာမများအား အတန်းပေါင်းစုံဘာသာရပ်များသင်ကြားပေးရတဲ့အတွက်ကြောင့် သင်ကြားမှု၊ သင်ယူမှုမှာ ထိရောက်မှုမရှိခြင်းကို တွေ့ရှိရပါတယ်။ ပြောင်းလဲနေတဲ့ ပညာရေးစနစ်ကို ဆရာဆရာမများ၊ မိဘများနားလည်သဘောပေါက်အားနည်းလျက်ရှိတာကိုလည်း တွေ့ရှိရပါတယ်။ စာသင်ဆောင်များလုံလောက်မှုမရှိခြင်းစတဲ့ ပြဿနာများနှင့် ကြုံတွေ့နေရကြောင်း အစီရင်ခံစာအား ဖော်ပြထားပါတယ်။

ထိုနည်းတူ အချက် ၁၂ ချက်ပါတဲ့ အကြံပြုချက်ကို တင်ပြထားတာ တွေ့ရပါတယ်။ ခြုံငုံသုံးသပ်ကြည့်တဲ့အခါမှာ ဂီတ၊ အနုပညာ၊ ဘာသာရပ်ကျွမ်းကျင်သော ဆရာဆရာမများခန့်ထားပေးရန် လိုအပ်လျက်ရှိနေပါတယ်။ သင်ထောက်ကူ ကျောင်းသုံးစာအုပ်၊ ဆရာဆရာမများလမ်းညွှန်စာအုပ်အချိန်မီရရှိရေး လိုအပ်ပါတယ်။ ဆရာဆရာမများအရေအသွေး မြင့်မားလာရန် တာဝန်ယူ၊ တာဝန်ခံမှုရှိတဲ့ ကျောင်းကြီးများ၊ တာဝန်ခံများခန့်ထားပေးဖို့လည်း လိုအပ်ပါတယ်။ ဒါမကသေးဘူး ဆရာဆရာမများ မိမိကိုယ်မိမိအကဲဖြတ်ကြဖို့ရန်အတွက်လည်း အထူးလိုအပ်ကြောင်းဖော်ပြထားတာတွေ့ရပါတယ်။ ကျောင်းသားအချိုးနှင့်ဆရာအချိုးမျှတဖို့ရန်လည်း အထူးလိုအပ်ပါတယ်။ သင်ရိုးနှင့်အညီ ကျောင်းသားကျောင်းသူတွေအတွက် လိုအပ်တဲ့အဆောက်အဦများစီမံဆောက်လုပ်ပေးဖို့လည်း လိုအပ်ပါတယ်။ သားသမီးကျောင်းသားကျောင်းသူများရဲ့ ပညာရေးမှာ မိဘများစိတ်ပါဝင်စားစွာ ကူညီဆောင်ရွက်ရန်လိုအပ်ကြောင်း စသည့်အချက်များပါဝင်တာတွေ့တဲ့အတွက်ကြောင့် အကောင်အထည်ဖော်ဆောင်ဖို့ရန်အတွက် အထူးလိုအပ်ပါကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆–၂၀၂၁) ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အဓိကအခန်းကဏ္ဍမှာပါဝင်တာဝန်ယူ ဆောင်ရွက်သော ပုဂ္ဂိုလ်များဖြစ်တဲ့ ဆရာဆရာမများ သင်ရိုးနှင့်အညီ အရည်အချင်းပြည့်မီရန် မိမိကိုယ်မိမိ ယုံကြည်မှုရှိရမယ်။ ကျောင်းသားကျောင်းသူများအပေါ် စေတနာအပြည့်အဝ ထားရမယ် မိမိတို့မှာရှိတဲ့ စွမ်းအင်အရည်အသွေးများကို ထုတ်ယူပြီးတော့ မျိုးဆက်သစ် ကျောင်းသူ ကျောင်းသားများစိတ်အားထက်သန်စွာ၊ သင်ကြားမှု၊ သင်ယူမှုနှင့် တာဝန်ကျေပွန်ဖို့ရန် အထူးပဲ လိုအပ်ပါတယ်။ ဒီထက်မက ကော်မတီရဲ့ အကြံပြုချက်ကို အကောင်အထည်ဖော်ရာမှာလည်း အထူးလိုအပ်တဲ့အတွက်ကြောင့် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို အကြံပြု ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရွှေကို(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ ကျောက်ပန်းတောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကိုပါ။ ပညာရေးမြှင့်တင်မှုကော်မတီရဲ့အစီရင်ခံစာကို ထောက်ခံအကြံပြုပြီး ဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဒီအစီရင်ခံစာဟာ ပြည့်စုံတဲ့အစီရင်ခံစာတစ်ခုဖြစ်ပေမဲ့လို့ အစီရင်ခံစာ ထဲမှာ ဖော်ပြထားတဲ့ ပညာရေးအကောင်အထည်ဖော်မှုမှာ တွေ့ကြုံနေရတဲ့ အခက်အခဲများဟာ ဘာ့ကြောင့်ဖြစ်လဲဆိုတဲ့အချက်အလက်ကိုလည်း ထောက်ပြပေးစေလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လူသားအရင်းအမြစ်တို့ရဲ့ အရည်အသွေးက အဓိကကျပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံ လူသားအားလုံးရဲ့ အရင်းအမြစ်ကို မြှင့်တင်နိုင်ဖို့အတွက် ပညာရေး စနစ်ပြောင်းနေတာပါ။ အဲဒီပြောင်းနေတဲ့အချိန်မှာ ကြုံတွေ့နေရတဲ့အခက်အခဲတွေကို နမူနာ

အနေနဲ့ပြောရရင် ပထမကျောင်းအဆင့်တိုးတဲ့ကိစ္စမှာ ကျောင်းအဆင့်တိုးတွေ ချထားပေးလိုက်တဲ့အခါကျတော့ တချို့ကျောင်းတွေမှာ ၁၀ တန်း ကျောင်းသားငါးယောက်၊ ခြောက်ယောက်လောက်ပဲရှိပြီး ဆရာသုံးယောက်လောက်နဲ့ သင်ကြားနေရတာရှိပါတယ်။ ဆရာကျောင်းသားအချိုးကောင်းတယ်ဆိုပေမဲ့လို့ ကျွန်တော်တို့ ဒီမှာ ဆရာသုံးယောက်မှာ မသင်နိုင်တဲ့ဘာသာရပ် ပါလာတဲ့အခါကျတော့ လိုအပ်တဲ့ဘာသာအတွက် ချထားပေးနိုင်ခြင်းမရှိပါဘူး။ အဲဒီအတွက် ကျောင်းသားများမှာ နစ်နာပါတယ်။

နောက်တစ်မျိုးကတော့ စနစ်သစ် သင်ကြားရေးမှာ လေ့လာကြည့်လိုက်တဲ့အခါကျတော့ အတန်းတစ်တန်းမှာ ကျောင်းသား ၂၀ ယောက်ရှိပြီး၊ ဆရာကတစ်ယောက်တည်းရှိတယ်။ အချိုးအနေနဲ့ အင်မတန်သင့်လျော်တဲ့အချိုးပါ။ ဒါပေမဲ့ ဆရာတစ်ယောက်တည်းက ဘာသာအားလုံးကို သင်ဖို့ဆိုတာက မဖြစ်နိုင်ပါဘူး။ အဲဒီမှာ တစ်ယောက်တည်းက သင်နေရတဲ့အခါကျတော့ တစ်နေကုန်သင်လာလိုက်တဲ့အခါ တဖြည်းဖြည်းနဲ့ ညနေပိုင်းရောက်လာတဲ့အခါမှာ ဆရာလည်း သင်အားကျလာပါတယ်။ နောက်ဆရာတစ်ယောက်က ကိုယ်မကျွမ်းကျင်တဲ့ဘာသာရပ်နှင့် ကျွမ်းကျင်တဲ့ဘာသာရပ်တွဲသင်ရရင် တဖြည်းဖြည်းနဲ့ မကျွမ်းကျင်တဲ့ဘာသာရပ်ကပေးတဲ့အချိန် နည်းလာမှာအမှန်ပါပဲ။ တဖြည်းဖြည်းနဲ့နည်းလာပြီးရင် ဒီဘာသာရပ်ကိုသင်ကြားဖို့ရာ မကျွမ်းကျင်တဲ့အတွက် သင်ကြားရတဲ့အပိုင်းမှာလည်း စနစ်သစ်သင်တာနဲ့ စနစ်ဟောင်းသင်တာနဲ့ ရောထွေးလာတာကိုတွေ့ရပါတယ်။

ဒီစနစ်သစ်အပြောင်းအလဲဟာ အဓိကက သင်ကြားတဲ့သင်ဟန်ပါ။ သင်နည်းသင်ဟန်ပြောင်းလဲခြင်းမှာ အဓိကက အဲဒီလို ကျွန်တော်တို့ ခုနပြောတဲ့ တစ်ယောက်တည်းနဲ့သင်ကြားရတဲ့ဖြစ်လာတဲ့ အခက်အခဲကိုလည်း ကျွန်တော်တို့ သတိထားရပါတယ်။ နောက်ကျောင်းကြီးတွေမှာ

ကြုံတွေ့တဲ့အခက်အခဲကတော့ ဆရာတစ်ယောက်က ကျောင်းသား ၆၀၊ ၇၀ ကိုသင်နေရတဲ့ပြဿနာပါ။ စနစ်သစ်နဲ့သင်ကြားရတဲ့အခါကျတော့ အုပ်စုလိုက်ခွဲပြီးသင်ရပါတယ်။ သင်ပြီးရင် စနစ်သစ် သင်ဟန်က ကျွန်တော်တို့ ကျောင်းသားနဲ့ ဆရာနဲ့ အပြန်အလှန်ပြောဆိုဆွေးနွေးပြီးတော့ သင်ကြားရတာပါ။ အဲဒီလို သင်ကြားရတဲ့အခါကျတော့ ကျောင်းသားသိပ်များတဲ့အခါ ကျောင်းသားအားလုံးကို ထောင့်စေ့အောင် မဆွေးနွေးနိုင်တော့ပါဘူး။ အဲဒီအခါကျတော့ ရွေးကောက်ဆွေးနွေးရသလိုဖြစ်ပြီးတော့ ကျန်တဲ့ကျောင်းသားကျန်သွားပါတယ်။ နောက်တစ်ချက်က အဲဒီကျောင်းကြီးတွေမှာ ကျောင်းဆရာအရေအတွက်နှင့် အခန်းအရေအတွက်နဲ့တူနေတဲ့အတွက် ဆရာတစ်ယောက်ကျောင်းပျက်လိုက်တာနဲ့ ကျွန်တော်တို့ အဲဒီကျောင်းမှာ ဒုက္ခရောက်ကုန်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ပိုဆိုးတဲ့အချက်ကတော့ အကဲဖြတ်စနစ်ပါ။ စနစ်သစ်မှာ စနစ်ဟောင်းစာမေးပွဲမရှိတော့တဲ့အတွက် အကဲဖြတ်က အင်မတန်အရေးပါလာပါတယ်။ အဲဒီအကဲဖြတ်ခြင်းက ကျောင်းသားတစ်ယောက်ချင်းကို ဆရာကအကဲဖြတ်ရမှာဖြစ်တဲ့အတွက် ကျောင်းသားသိပ်များတဲ့အခါ ဆရာက ဒီအလုပ်ကိုမလုပ်နိုင်တော့ပါဘူး။ ထောင့်စေ့အောင်မလုပ်နိုင်တဲ့အတွက် သင်ကြားရေးမှာ အနှောင့်အယှက်ဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုတာ ဒါတွေကအစီရင်ခံစာထဲမှာ ပါရှိပြီးဖြစ်ပေမဲ့လို့ ဒါဘာကြောင့်ဖြစ်သလဲဆိုတာ ပညာရေးဝန်ကြီးဌာနကို ကျွန်တော်တို့ ထောက်ပြရမှာဖြစ်ပါတယ်။ ဒီလိုဖြစ်ရတဲ့ပြဿနာကတော့ ကျောင်းအဆင့်တိုးတွေကို မူအတိုင်း မကိုက်ဘဲနဲ့ ပေးခဲ့လို့ဖြစ်တာပါ။ ကျောင်းအဆင့်တိုးတွေကို ကျောင်းသား ၅၀၊ ၆၀ လောက်ပဲရှိတဲ့ကျောင်းသားကို အလယ်တန်းအဆင့်ပေးလိုက်တယ်။ တစ်ကျောင်းလုံးမှ ပေါင်းလိုက်လို့ အတန်းအားလုံးပေါင်းမှ ၁၃၀၊ ၁၄၀ ရှိတဲ့ကျောင်းတွေကိုလည်း အ.ထ.ကခွဲတွေ ပေးလိုက်တယ်။ အဲဒီအတွက် အဲဒီမှာ ဆရာလိုအပ်ချက်တွေဖြစ်လာတယ်။ ကျောင်းသားမရှိဘဲနဲ့ အတန်းတွေများလာတဲ့အတွက် ကျောင်းခန်းလိုအပ်ချက်တွေ များလာတယ်။

အဲဒါဟာ ကျွန်တော်တို့ ပြောင်းချင်တဲ့ပညာရေးစနစ်အတွက် အဟန့်အတားဖြစ်နေတယ်။ ဒါလေးတွေကိုလည်း ပညာရေးဝန်ကြီးဌာနကို ထောက်ပြစေချင်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ကျောင်းတွေကို အဆင့်တိုးရမှာ နေရာတိုင်းမှာကျောင်းတွေရှိအောင်လုပ်ရမယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အခုလို လုပ်ချင်တိုင်းမလုပ်နိုင်သေးတဲ့အချိန်မျိုးမှာဆိုရင် ဟန်ချက်ညီညီစနစ်တကျနဲ့ သွားနိုင်ဖို့လိုတယ်ဆိုတာကို ထောက်ပြဖို့ လိုပါတယ်။ အခုတော့ ပညာရေးဝန်ကြီးဌာနက ကျောင်းအဆင့်တိုးနှင့်ပတ်သက်ပြီးတော့ တစ်နေ့က ကျွန်တော်တို့ ဒီ အဆင့်တိုးနဲ့ပတ်သက်ပြီး စည်းကမ်းသတ်မှတ်ချက်ထပ်ထုတ်လိုက်ပါပြီ။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ပြောချင်တာက စည်းကမ်းကြောင့်လား၊ စည်းကမ်းမလိုက်နာတာလား ကြည့်ပြီးတော့ စည်းကမ်းမလိုက်နာတာကို မလိုက်နာသလို တင်းတင်းကြပ်ကြပ် ကြပ်မတ်ပေးမှ ရပါမယ်။ အဲဒီထဲမှာ စာကျောင်းတစ်ကျောင်းပါပါတယ်။ မှားယွင်းမှုတစ်စုံတစ်ရာဖြစ်ပေါ်ပါက တာဝန်ရှိသူအဆင့်ဆင့် တာဝန်ခံရမည်ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာနမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်ပညာရေးမှူးရုံးများကို အကြောင်းကြားထားတယ်ဆိုတာပါတဲ့အတွက် ကျွန်တော် အဲဒီအတွက် ဝမ်းသာကြိုဆိုပါတယ်။ ဒီလိုကိစ္စမျိုးကိုလည်း ကျွန်တော်တို့ ပညာရေးမြှင့်တင်မှုကော်မတီအနေနဲ့ အလေးအနက်ထားပြီး နောက်နောင်မှာ ကျွန်တော်တို့ ဒီပညာရေးဌာနရဲ့ စီမံကွပ်ကဲမှု အားနည်းချက်ကို ထောက်ပြပေးဖို့လိုမယ်လို့ ကျွန်တော်ထင်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်ပြောချင်တာကတော့ ပညာရေးဌာနက အခုလို ပိုမိုတင်းကြပ်မယ်ဆိုတဲ့အတွက် ဝမ်းသာကြိုဆိုပါကြောင်းနှင့် ကျွန်တော်တို့ အခုလက်ရှိကြုံနေတဲ့ ပြဿနာများကိုလည်း ပြန်လည်သုံးသပ်စိစစ်ပြီး တတ်နိုင်သရွေ့ဖြေရှင်းပေးဖို့ ပန်ကြားရင်းနဲ့ ကျွန်တော် နိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိန်မြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မြင်းခြံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်ဖြစ်ပါတယ်။ ကျွန်တော်က ပညာရေးမြှင့်တင်မှုကော်မတီရဲ့ မျိုးဆက်သစ်များရဲ့ ပညာရေးအတွက် အခြေခံဆရာဆရာမများရဲ့ ကျွမ်းကျင်မှုနှင့် လေ့ကျင့်သင်ကြားမှုဆိုင်ရာ စုံစမ်းလေ့လာမှုအစီရင်ခံစာကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီ Westminster ဒီမိုကရေစီဖောင်ဒေးရှင်းရဲ့ ပံ့ပိုးကူညီမှုနှင့် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက KG Grade-1၊ Grade-2 သင်ရိုးသစ်များလက်တွေ့အကောင်အထည်ဖော်မှုများကို စုံစမ်းလေ့လာမှုများ ဆောင်ရွက်နေကြောင်းသိရှိရပါတယ်။ အဲဒီစုံစမ်းလေ့လာမှုတွေကို အချက်ငါးချက်နှင့်အဓိကထားလေ့လာပြီးတော့ တွေ့ရှိချက်အဓိကခြောက်ချက်ကို တင်ပြခဲ့ပါတယ်။ အဲဒီထဲမှာ အရေးကြီးဆုံးကဘာလဲဆိုရင် နံပါတ်(က)မှာဖော်ပြထားပါတယ်။ ကျောင်းသားအချိုးနှင့်လိုက်လျော်ညီစွာ လုံလောက်သောဆရာဆရာမများလိုအပ်ခြင်းသည်က အဓိကဖြစ်နေပါတယ်။

အဲဒီတော့ ဆရာဆရာမတွေလုံလောက်စွာ ခန့်ထားနိုင်ဖို့ရာအတွက် ဆရာဆရာမတွေရဲ့ယခုပေးနေတဲ့လစာနှုန်းထားကို တိုးပေးနိုင်မှု ဒါမှမဟုတ်ရင်လည်း လစာနှုန်းထားတိုးပေးဖို့ရာအတွက် အခက်အခဲတစ်ခုဖြစ်တယ်ဆိုရင်လည်း မူရင်းလစာမှာ ရှားပါးစရိတ်ထည့်ပေးဖို့လည်းလိုအပ်ပါတယ်။ ယခင်ကာလအချိန်တုန်းက ဆရာဆရာမတွေ အမှုထမ်းလိုသူများ ပေါများလာဖို့ရာအတွက် ငွေကြေးပေးခြင်းနှင့် စည်းရုံးခဲ့တာကိုလည်း တွေ့ရပါတယ်။ အဲဒီတော့ ဒါဟာဘာလဲဆိုတော့ ရှားပါးစရိတ်ထည့်ပေးခြင်းအားဖြင့် ဒါ က ကျွန်တော်တို့အစီရင်ခံစာထဲမှာလည်းပါပါတယ်။ ဘာလဲဆိုတော့ ဘဏ္ဍာရေးနဲ့မက်လုံးဆိုတာ ပါလာပါတယ်။ အဲဒီတော့ အဲ့ဒီလိုမက်လုံးပေးလိုက်ခြင်းအားဖြင့် ဆရာဆရာမတွေ ပညာရေးဌာနမှာ ဆရာတွေကော အထူးသဖြင့်

ဆရာဆရာမအချိုးမှာ ဆရာအချိုးက အင်မတန်မှနည်းတယ်။ နည်းတဲ့အခါကျတော့ ဆရာတွေရော၊ ဆရာမပါ အားလုံးတာဝန်ထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။

နောက်တစ်ခုက အတန်းပေါင်းစုံ၊ ဘာသာရပ်များစွာ သင်ကြားနေရခြင်းဟာ ထိရောက်တဲ့ သင်ကြားသင်ယူမှုကို အဟန့်အတားဖြစ်စေပါတယ်။ KG မှတစ်ပါး အတန်းပေါင်းစုံကို ဘာသာရပ် တစ်ခုတည်းဖြင့် သင်ကြားပေးနိုင်ပါ က ဆရာဆရာမများအတွက် လေ့လာချိန်များများရပြီး သင်ကြားမှု စွမ်းရည်မြင့်စေပါတယ်။ ဘာသာရပ်ကျွမ်းကျင်မှုကိုလည်း ဖြစ်စေပါတယ်။ နောက်ဖွံ့ဖြိုးရေးဘာသာတွေဖြစ်တဲ့ ဂီတ၊ ပန်းချီ၊ အနုပညာဘာသာရပ်တွေမှာ အခြေခံအကပညာ၊ အခြေခံပန်းချီဆွဲနည်းပညာ၊ အဆိုပညာ၊ Musical Note တွေကို ပညာရေးကောလိပ်များမှာ သင်ကြားခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတော့ လိုအပ်တာတော့ ဂီတပညာရပ်မှ အတီး၊ အမှုတ်၊ အကတွေ အတွက် ကျွမ်းကျင်တဲ့ဆရာများ ခန့်ထားပေးဖို့ လိုအပ်ပါတယ်။ သင်ထောက်ကူပစ္စည်းနှင့် ပတ်သက်၍ KG တန်းများအတွက် Kids BoX များ မူလတန်းကျောင်းများအတွက် တစ်ကျောင်း တစ်လုံး အများအားဖြင့် ပေးနိုင်ခဲ့ပါတယ်။

သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားပြသပေးပါက ပိုမိုထိရောက်အောင်မြင်နိုင်သဖြင့် ကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများ ပိုပိုပြီးတော့ ဝယ်ယူနိုင်ဖို့ရာအတွက် ပညာရေးဌာန ငွေစာရင်းခေါင်းစဉ်ရဲ့ တစ်ခုခုအောက်မှာ အသုံးစရိတ်တွေကို အသုံးချပေးသင့်ပါတယ်။ ပညာရေး တက္ကသိုလ်၊ ပညာရေးကောလိပ်များမှာ ပညာရေးအုပ်ချုပ်စီမံဘာသာရပ်ကို ပို့ချပေးတဲ့အတွက် ရှိတဲ့အတွက်ကြောင့်မို့လို့ ကျောင်းနှင့်စာသင်ခန်းစီမံခန့်ခွဲမှုတွေကို ဆရာဆရာမများဟာ စနစ်တကျ ဆောင်ရွက်နိုင်ပါတယ်။ ကျောင်းသားဆရာအချိုးဟာ ကျောင်းတစ်ကျောင်းနှင့်တစ်ကျောင်း မတူကြပါဘူး။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ မြင်းခြံမဲဆန္ဒနယ်မှာ အ.ထ.က(၁)၊ အ.ထ.က(၂)၊

အ.ထ.က(၄)၊ အမှတ်(၆)အလင်းရောင် အ.ထ.ကခွဲတွေမှာ Grade-6 မှာ ဆရာတစ်ယောက်ကို ကျောင်းသား ၈၀ ယောက်ခန့် သင်ကြားနေတာကို တွေ့ရှိရပါတယ်။ တချို့မူလတန်းကျောင်းတွေမှာဆိုရင် ကျောင်းသားဦးရေ ၁၅ ယောက်သာရှိပြီးတော့ ဆရာဆရာမဦးရေဟာ ငါးယောက်ခန့်ရှိတာကို သွားတွေ့ရပါတယ်။

တချို့မူလတန်းကျောင်း အထူးသဖြင့် ဒါကျွန်တော်တို့ မြင်းခြံမြို့ပေါ်မှာရှိတဲ့ မူလတန်းကျောင်းတစ်ကျောင်းက ကျောင်းသားဦးရေဟာ နှစ်ယောက်ပဲရှိတယ်။ နောက်ပြီးတော့ ဆရာဆရာမဟာ ငါးယောက်လောက်သင်ကြားနေတာကို တွေ့ရပါတယ်။ ဘာလို့လဲဆိုတော့ ကျောင်းချိတ်တွဲစနစ်အားနည်း၍လည်းကောင်း၊ ဒါမှမဟုတ်လည်း စာသင်မယ့်ကလေးဦးရေနည်း၍လည်းကောင်း ဖြစ်နိုင်တာကို သွားပြီးတော့ တွေ့ရှိရပါတယ်။ ပညာရေးမြှင့်တင်မှုကော်မတီ ကျောင်းသားဦးရေအကြံပြုချက်ဖြစ်တဲ့ မူကြိုတွေအတွက် ၁:၂၀၊ မူလတန်းအတွက် ၁:၃၀၊ အလယ်တန်းအတွက် ၁:၄၀ တို့ကိုလည်း ကြိုဆိုအပ်ပါတယ်။ စဉ်ဆက်မပြတ် လုပ်ငန်းခွင်ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေး CPG နှင့်ပတ်သက်ပြီးတဲ့ သင်ရိုးသစ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက်လည်းကောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာဆရာမများအဖွဲ့ချုပ်ရဲ့ အကြံပြုချက်ကိုလည်း ထောက်ခံကြိုဆိုအပ်ပါတယ်။ ကျောင်းတိုင်းရှိ ဆရာဆရာမများရဲ့ သင်ကြားမှုကို အကဲဖြတ်စောင့်ကြည့်နိုင်တဲ့ စီမံခန့်ခွဲသူများကို စီမံခန့်ခွဲမှုသင်တန်းများပေးပြီး ကျောင်းအလိုက် ဘာသာရပ်မှူးများ၊ အတန်းမှူးများ ပါဝင်ပေးသင့်ပါတယ်။ တချို့ကျောင်းတွေမှာ ဒါကိုပေးထားတာကို တွေ့ရပါတယ်။ အဲဒီတော့ စာသင်ခန်းအဆောက်အအုံနှင့်ပတ်သက်ပြီးလည်း ဒီဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ပံ့ပိုးကူညီမှုနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန စာသင်ကျောင်းတည်ဆောက်ရေးလုပ်ငန်းအဖွဲ့ ပူးပေါင်းဆောင်ရွက်မှုဖြစ်တဲ့ လုံခြုံဘေးကင်းပြီး ကလေးပျော်စံပြစာသင်ကျောင်း ဆောက်လုပ်ရေး

လမ်းညွှန်စာအုပ်အတိုင်း ဆောင်ရွက်သင့်ပါကြောင်း အကြံပြုပါတယ်။ ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အခြေခံစံသတ်မှတ်မှု၊ ကျွမ်းကျင်မှုနှင့် လေ့ကျင့်သင်ကြားမှုဆိုင်ရာ စုံစမ်းလေ့လာမှုအစီရင်ခံစာ သုံးသပ်ချက်၊ အကြံပြုချက်များကိုလည်း သင်ကြားမှု၊ သင်ယူမှုအတွက် အထောက်အကူပြုစေတယ်ဆိုတော့ ကြိုဆိုအပ်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာအား ကျွန်တော်အမှတ်အမှားဘူးဆိုရင်တော့ ပြည်သူ့လွှတ်တော်ကော်မတီတွေထဲမှာ Formal မဟုတ်တဲ့ ပထမဆုံးထွက်ပေါ်လာတဲ့ အစီရင်ခံစာဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီအစီရင်ခံစာက ဒီထဲမှာပါတဲ့အချက်အရ ကျောင်းသား ၅၆၄ ဦး၊ ဆရာ ၅၈၇ ဦး၊ မိဘ ၅၇၉ ဦးတို့ကို စုံစမ်းမေးမြန်းခဲ့တယ်။ နောက်တစ်ခါ ကော်မတီဝင်တွေဟာ လွှတ်တော်နားရက်တွေမှာ ကျောင်းတွေကို ကိုယ်တိုင်ကွင်းဆင်းလေ့လာပြီးတော့၊ မေးခွန်းတွေမေးမြန်းပြီးတော့ ပြုစုခဲ့တယ်။ နောက်တစ်ခါ စုံစမ်းလေ့လာမှုလုပ်ငန်းစဉ်မှာ စုစုပေါင်း အဆင့် ၁၁ ဆင့်လုပ်ခဲ့ပြီးတော့ အများကြီးကြိုးစားအားထုတ်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီအစီရင်ခံစာဟာ ပြည်သူ့လွှတ်တော်ကော်မတီများအားလုံးအတွက်ကတော့ ရှေ့ဆောင်လမ်းပြတစ်ခုဖြစ်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒီလိုအစီရင်ခံစာ တင်သွင်းခဲ့တဲ့အတွက်လည်း ပညာရေးမြှင့်တင်မှုကော်မတီကို အထူးလေးစားဂုဏ်ယူအပ်ပါကြောင်း ပဏာမပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမှာ သုံးသပ်ချက်က အစီရင်ခံစာမှာ ရှစ်ခုရှိပါတယ်။ အကြံပြုချက်က ၁၂ ခုရှိပါတယ်။ ဒီထဲကနေပြီးတော့

အချိန်အကန့်အသတ်အရ အချို့သော အရေးပိုကြီးတယ်လို့ ယူဆတဲ့အကြံပြုချက်တွေကိုပဲ ကျွန်တော် ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဆုံးကတော့ ပညာရည်အဆင့်မြှင့်တင်ရန်လိုအပ်သည့် ကျောင်းများတွင် ကျွမ်းကျင် ဆရာဆရာမများကို ခန့်ထားရန်အတွက် ဘဏ္ဍာရေးနှစ်လုပ်ငန်းခွင်မက်လုံးများပေးရန် အကြံပြုပါ သည်ဆိုတဲ့ကိစ္စကို ကျွန်တော်ဆွေးနွေးလိုပါတယ်။ အားလုံးသိတဲ့အတိုင်း အစိုးရကျောင်းတွေမှာ ကျောင်းဆရာတွေကနည်းပြီးတော့ ကျောင်းဆရာမတွေက များနေပါတယ်။ အချိုးတွေက တအား ကိုကွာခြားနေပါတယ်။ ဒါပေမဲ့ အပြင်ကျူရှင်လောကမှာတော့ အမျိုးသားဆရာတွေက လွှမ်းမိုးနေ ပြီးတော့ သူတို့က တချို့ဆရာတွေဆိုရင် ကြီးကြီးမားမားအောင်မြင်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာက ဘယ်လိုဖြစ်သလဲဆိုတာကို လေ့လာသုံးသပ်သင့်ပါတယ်။ အသင်ကောင်းတဲ့ဆရာတွေ၊ ကျောင်းသူကျောင်းသားတွေ၊ နားပေါက်အောင်သင်ပေးနိုင်တဲ့ဆရာတွေ၊ ဒီဆရာတွေကို ကျွန်တော် တို့က ဆွဲဆောင်ဖို့လိုပါတယ်။ ဒီနေရာမှာ ဒီမက်လုံးနဲ့ လုပ်ငန်းခွင့်မက်လုံးတွေ၊ ဘဏ္ဍာရေးမက်လုံး တွေပေးဖို့ ဆိုတဲ့အချက်ကို ကျွန်တော် ထောက်ခံဆွေးနွေးလိုပါတယ်။

နောက်တစ်ချက်က အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)နယ်ပယ်ငါး အတတ်ပညာနှင့် စီမံခန့်ခွဲမှုမှာ ဆရာအတတ်ပညာရေးကောင်စီဖွဲ့စည်းခြင်းနှင့် အမျိုးသားဆရာ အတတ်ပညာဖွံ့ဖြိုးဗဟိုဌာန ဖွဲ့စည်းဆောင်ရွက်ရန် ဖော်ပြထားသော်လည်း ယခုတိုင် အကောင်အထည်ဖော်ဆောင်ရွက်မှု မရှိသေးကြောင်း တွေ့ရှိရပါသည်။ ဒါဟာလည်း အင်မတန် အသုံးဝင်တဲ့၊ အင်မတန်အလေးအနက်ထားရတဲ့ အကြံပြုချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာ အကြံတွေပြုတယ်။ အကြံပြုပေမယ့် ဝန်ကြီးဌာနက အကြောင်းအမျိုးမျိုးကြောင့်ဖြစ်မှာပါ။ သို့သော် ၂၀၁၆-၂၀၂၁ ခုနှစ်ဆိုတော့ မကြာခင်မှာ ဒီဗျူဟာက နှစ်ကာလသက်တမ်းက ကုန်ဆုံးတော့မှာပါ။

အခုထိကို ဒီဌာနက မဖွင့်ရသေးဘူးဆိုတော့ ဝန်ကြီးဌာနက အလေးအနက်ထားပြီးတော့ ဒီအကြံပြုချက်ကို လိုက်နာသင့်ပါတယ်။ နောက်တစ်ခုက ကော်မတီက တောင်အာဖရိကနိုင်ငံကို သွားခဲ့တယ်။ သွားတဲ့အခါမှာ အဲဒီမှာတွေ့ခဲ့တာက ဆရာဖွံ့ဖြိုးရေးဌာနရှိတယ်။ စဉ်ဆက်မပြတ် ဆရာဖွံ့ဖြိုးရေးအစီအစဉ်တွေကို ဆောင်ရွက်လျက်ရှိပြီးတော့ ဆရာဆရာမများအနေနဲ့ မဖြစ်မနေ တက်ရောက်ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ကျောင်းဆရာဆရာမများ ဖွံ့ဖြိုးရေးဌာန ရှိသလား။ မရှိလို့ရှိရင်လည်း တောင်အာဖရိကနိုင်ငံကို နမူနာယူပြီးတော့ ရှိအောင်လုပ်သင့်ပါတယ်။ နောက်တစ်ခါ ဒီမှာ ဆရာဆရာမတွေမဖြစ်မနေ Compulsory တက်ရပါတယ်။ တက်တဲ့အခါမှာလည်း သင်ကြားချိန်တွေကို နာရီနဲ့မှတ်ထားပြီးတော့ လုပ်ငန်းခွင်မပျက်အောင် တက်ရောက်နိုင်ရေး စီမံထားတယ်ဆိုတာကိုလည်း တွေ့ရပါတယ်။ ဒီအတွေ့အကြုံတွေကိုလည်း ကျွန်တော်တို့ လေ့လာ သင့်ပါတယ်။ နောက်တစ်ခုက သင်ရိုးသစ်အတွက် စာသင်ခန်းအဆောက်အဦတွေနဲ့ပတ်သက်ပြီး အကြံပြုထားပါတယ်။ ဒါကတော့ ကျွန်တော်ကိုယ်တိုင်ပဲ ကျောင်းဆရာတစ်ယောက်ဘဝကို ဖြတ်သန်းဖူးတော့ Hall ခန်းလိုဟာမျိုးမှာ အတန်းသုံးတန်း၊ လေးတန်းလောက်ရှိနေပါတယ်။ အခြားအတန်းမှာ ဆရာဆရာမတွေက တိုင်ပေးနေတဲ့အခါ ကျောင်းသားတွေက အကုန်ဝိုင်းအော် နေကြပါတယ်။ အဲဒီအခါမှာ ဒီဘက်ကဆရာဆရာမက ဘယ်လိုမှသင်လို့မရပါဘူး။ သင်လို့မရတဲ့အခါ အတင်းအဖြစ်မနေနဲ့ သင်တဲ့အခါကျတော့လည်း သူတို့အနေနဲ့က ကျောင်းသားတွေက အာရုံက မရှိတော့ပါဘူး။ ဒါကြောင့်မို့လို့ Hall ခန်းအစား အခန်းတွေသေချာအသံလုံတဲ့အခန်းတွေ ကန့်အောင် နောက်ပိုင်းမှာ ကျောင်းတွေချပေးတဲ့အခါ ဒီလိုတွေလုပ်ဖို့အတွက်ဆိုပြီးတော့ အကြံပြုထားပါတယ်။ ဒီအကြံပြုချက်ကိုလည်း ကျွန်တော်က အလေးအနက်ထောက်ခံပါတယ်။

နောက်တစ်ခုကတော့ ကလေးများ၏ပညာရေး မိဘများပါဝင်လာခြင်း၊ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကော်မတီရဲ့အစီရင်ခံစာမှာ အကြံပြုထားပါတယ်။ ဒီကိစ္စဟာအရေးကြီးပါတယ်။ မိဘ၊ ဆရာပူးပေါင်း ကလေးပညာကောင်းဆိုတာ ဆောင်ပုဒ်မှာတင်ရှိနေလို့မဖြစ်ပါဘူး။ အချို့သော မိဘတွေက အခုပညာရေးစနစ်ပြောင်းလဲနေတာကို သဘောမပေါက်ကြပါဘူး။ တချို့ဆိုလို့ရှိရင် ကျောင်းမှာ ဆရာဆရာမတွေက ကနေတယ်။ သီချင်းဆိုနေတယ်။ ပန်းချီတွေဆွဲနေတယ်။ ဒါတွေ ဒီလိုပြောနေကြတယ်။ ငါတို့ကလေးတွေ စာမှတတ်ပါ့မလားမသိဘူး။ ဒါဟာ မိဘတွေက ကျွန်တော်တို့ ပညာရေးစနစ်မှာ ပူးပေါင်းပါဝင်မှုအားနည်းနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာတော့ အကြံပြုထားပါတယ်။ မကြာခဏကျောင်းကိုဖိတ်ကြားပြီးတော့ ဆရာဆရာမ ဆွေးနွေးပွဲတွေလုပ်ပြီးတော့ တဖြည်းဖြည်းနဲ့ တိုးတက်အောင်လုပ်ဖို့ဆိုတဲ့ဟာကို အကြံပြုထားပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာတော့ တချို့သောအကြံပြုချက်တွေဟာ ယေဘုယျဆန်ပေမယ့် တချို့သောအကြံပြုချက်ဟာ အလေးအနက်ထားရမယ့်ကိစ္စတွေ ဖြစ်ပါတယ်။ အထူးသဖြင့် သင်တန်းတွေတက်တဲ့အခါ ဆရာဆရာမတွေရဲ့ လုံခြုံရေး၊ ကျန်းမာပျော်ရွှင်ရေး ဒီကိစ္စတွေအတွက် အကြံပြုချက်တွေတော့ ပါတာမတွေ့ရပါဘူး။ ဒါကို နောင်ဒီလိုအစီရင်ခံစာမျိုးရေးတဲ့အခါမှာ ဒီလို အချက်တွေလည်း ထည့်သွင်းပေးဖို့ အကြံပြုတိုက်တွန်းရင်းနဲ့ ကျွန်တော့်ရဲ့ဆွေးနွေးချက်ကို နိဂုံးချုပ် ပါတယ်။ အားလုံးကိုးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေကြောင်းနှင့် ဘေးဘယာဝေးကွာပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့အစီရင်ခံစာကို ခြုံငုံသုံးသပ် အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံရဲ့ အနာဂတ်မျိုးဆက်သစ်လူငယ်များဟာ နိုင်ငံရဲ့လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုတို့အတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်သည့် ကမ္ဘာ့အဆင့်အတန်းမီသော ပညာရေးစနစ်မျိုးရရှိစေပြီး ကမ္ဘာ့လူငယ်များနှင့် ရင်ပေါင်တန်းနိုင်သော မြန်မာ့လူငယ်များ ဖြစ်လာ စေဖို့အတွက် လိုအပ်လှပါတယ်။ ပညာရေးဆိုတာဟာ ရေရှည်ဆောင်ရွက်ရာတော့ သိမ်မွေ့နက်နဲ လှတဲ့ ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းဖြစ်ပါတယ်။

ဒါ့ကြောင့် ကော်မတီအနေနဲ့ လုပ်ငန်းတာဝန်များဆောင်ရွက်ရာမှာ လိုအပ်ပါက အစိုးရဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ကြားဆွေးနွေးပြီး သတင်းအချက်အလက်များရယူတာကို တွေ့ရတဲ့အတွက် အလွန်ပဲကျေနပ် မိပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိတဲ့ တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကိုစိစစ်ပြီး ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ပညာရေး နှီးနှောဖလှယ်ပွဲများကို တက်ရောက်တာကိုလည်း တွေ့ရတဲ့အတွက် အားရမိပါတယ်။ လွှတ်တော်၏ အခန်းကဏ္ဍ ပိုမိုမြင့်မားလာအောင် Westminster Foundation For Democracy(WFD)အဖွဲ့အစည်း နှင့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် ပူးပေါင်းဆောင်ရွက်တဲ့အတွက် ဝမ်းသာ မိပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ခြင်း၊ စုံစမ်းလေ့လာမှုများသည် လွှတ်တော်၏ စောင့်ကြည့် ထိန်းညှိခြင်းအခန်းကဏ္ဍကို ပိုမိုထိရောက်ဆောင်ရွက်နိုင်သည့် နည်းလမ်းကို အောင်မြင်စေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီက စုံစမ်းလေ့လာစိစစ်တဲ့အခါ ဆရာဆရာမများခန့်ထားမှုနှင့် လေ့ကျင့်သင်ကြားမှုများ၊ ဆရာဆရာမများ၏ လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဆိုင်ရာ သဘောတရားများနှင့်နည်းလမ်းများ၊ ကျောင်းများစီမံခန့်ခွဲမှုနှင့် စွမ်းဆောင်ရည်ပြည့်ဝခြင်းများ၊ သင်ကြားသင်ယူမှုဖြစ်စဉ်တွင် တွေ့ကြုံရသည့်စိန်ခေါ်မှုများ၊ မိဘ၊ ဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းသားမိဘများ၊ ရပ်ရွာလူထုအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဟာ အလွန်အရေးပါသော စိစစ်မှုများဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ကြုံဆိုထောက်ခံရသောအချက် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ပစ္စုပ္ပန်နဲ့အနာဂတ်ဟာ ပညာရေးအပေါ်မှာ မှီတင်းနေခြင်းကြောင့် အခြေခံပညာသင်ဆရာဆရာမများ အရည်အသွေးပိုင်းဆိုင်ရာမြင့်မားရန် အမျိုးသားပညာရေးဥပဒေ ၂၀၁၄ အခန်း(၃)ရှိ အမျိုးသားပညာရေးဆိုင်ရာအခြေခံမူများ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)အရ သင်ကြားသူဆရာဆရာမများကို Continuous Learning ဟူသည့် စဉ်ဆက်မပြတ်လေ့လာသင်ယူမှုစနစ်ကို ထူထောင်ချမှတ်ရန် တွေ့ရှိရပါတယ်။ ဒါ ကြောင့် အဆိုပါစနစ်ကို ထိထိရောက်ရောက် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်အတွက် ကော်မတီမှတစ်ဆင့် သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနကို အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးကွာဟချက်ဟာ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးမှုမတူညီခြင်းကြောင့်လား၊ ကျောင်းသားအရေအတွက်ထက် သင်ကြားသူဆရာဆရာမ သတ်မှတ်အချိုး မညီမျှခြင်းကြောင့်လား၊ သင်ထောက်ကူပစ္စည်းများလိုအပ်ချက်ကြောင့်လား၊ အခြေခံပညာဆရာဆရာမများရဲ့ အရည်အသွေးပိုင်းဆိုင်ရာကြောင့်လား၊ ဒါမှမဟုတ် ဥပမိရုပ် မကောင်းသည့်ကျောင်း၊ အန္တရာယ်ရှိသောကျောင်းများနှင့် ဆရာများနေထိုင်ရာ ဝန်ထမ်းအိမ်ရာ အခက်အခဲကြောင့်လားဆိုတာကို လက်တွေ့ကျကျ ပြန်လည်သုံးသပ်သုတေသနလုပ်ရန် လိုအပ်ကြောင်း ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။

မူကြမ်း

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးကိုပြုပြင်ပြောင်းလဲမှုလုပ်တော့မယ်ဆိုရင် ပညာရေးစနစ်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေကြသူတွေဖြစ်တဲ့ ဆရာဆရာမတွေရဲ့ အခန်းကဏ္ဍဟာ လွန်စွာမှ အရေးပါတဲ့နေရာကို ရောက်နေတာထင်ရှားလှပါတယ်။ ပညာရေးဟာ လူမှုသိပ္ပံပညာရပ်တစ်ခုဖြစ်ပြီး သင်ကြားခြင်း၊ သင်ယူခြင်းနှင့်ဆက်နွှယ်တဲ့ ကျွမ်းကျင်မှုဆိုင်ရာများလို့ ခေါ်ဆိုကြပါတယ်။ ဒါပေမဲ့ သိမ်မွေ့နက်နဲသောအသိပညာဆိုင်ရာ ဗဟုသုတများသောလုပ်ငန်းလည်းဖြစ်ပါတယ်။ သင်ကြားရေးဆိုသည်မှာလည်း လမ်းညွှန်မှု(Instruction)၊ သင်ကြားမှု (Teaching)၊ လေ့ကျင့်မှု(Training)ဆိုပြီး သုံးမျိုးရှိကြောင်း လေ့လာသိရှိရတဲ့အတွက် သင်ကြားနည်း များကို ပုံသေကားကျတစ်ပုံစံတည်း သင်ကြားသည့်ခေတ်မဟုတ်တော့ပါဘူး။ ခေတ်နှင့်အညီ စာတွေ့လက်တွေ့နှစ်မျိုးစလုံးကို မျှတစွာပေါင်းစပ်ပြီး သင်ကြားရတာကြောင့် သင်ကြားရေးဟာ ပညာရေးလောကအတွက် လွန်စွာမှအရေးကြီးလှပါတယ်။ သင်ကြားခြင်းဆိုရာတွင်လည်း သိမ်မွေ့ နူးညံ့ပြီး ပညာပါတဲ့ အနုပညာရပ်တစ်ရပ်ဖြစ်တဲ့အတွက် သင်ကြားမှုနှင့် တွဲလျက်သင်ယူမှု၏ အခန်းကဏ္ဍကို အထူးအလေးထား ဂရုပြုစီမံဆောင်ရွက်သင့်ပါတယ်။ ယနေ့ခေတ်မှာ သင်ယူမှုပုံစံ အမျိုးမျိုးရှိတဲ့အနက် အသုံးများသောသင်ယူမှုပုံစံများကတော့ လက်တွေ့လှုပ်ရှားမှုဖြင့်သင်ယူခြင်း၊ အမြင်ဖြင့်သင်ယူခြင်း၊ အကြားဖြင့်သင်ယူခြင်း၊ အလုံးစုံဆက်စပ်လေ့လာသင်ယူခြင်းတို့ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ယနေ့မျက်မှောက်ခေတ်ကာလ ဖွံ့ဖြိုးစနိုင်ငံအသီးသီးဟာ ပညာခေတ်ရဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနေရတာကြောင့် သင်ကြားမှု၊ သင်ယူမှုကို မဖြစ်မနေလုပ်နေရမှာ ဖြစ်ပါတယ်။ အလားတူ ဆရာဆရာများအနေဖြင့် မိမိတို့သင်ကြားနေသော ကျောင်းသားကျောင်းသူ များကို အတန်းလိုက်၊ အရွယ်လိုက် သိသင့်သည်များကို သိရှိနိုင်ရေး လေ့လာလေ့ကျင့်ပြီး ပြန်လည် သင်ကြားပေးရမှာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံသည်လည်း ပညာခေတ်ရဲ့စိန်ခေါ်မှုကို ရင်ဆိုင်

ကျော်လွှားနိုင်ရေးနှင့် အနာဂတ်ပညာရေးကောင်းမွန်စေရေးအတွက် အမျိုးသားပညာရေး ဥပဒေနှင့်အညီ အမျိုးသားပညာရေးကော်မရှင်ကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ကော်မရှင် အနေနဲ့ မြန်မာနိုင်ငံရဲ့ အနာဂတ်ပညာရေးကို အကောင်းဆုံးချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်လိမ့်မယ်ဟု ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ အစိုးရလုပ်ငန်းစဉ်များကို အထောက် အကူပြုဖို့အတွက်နှင့် ထိန်းညှိဖို့အတွက် ပညာရေးမြှင့်တင်မှုကော်မတီအနေနဲ့ အင်မတန်အရေးကြီး လွန်းလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ပညာရေးမြှင့်တင်မှုကော်မတီဟာ လုပ်ငန်းဆောင်ရွက်မှု တွေမှာ ထိန်းညှိခြင်း၊ သက်ဆိုင်ရာဥပဒေများသုံးသပ်ခြင်း၊ ကြားနာခြင်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် Call ခေါ်ယူတွေ့ဆုံခြင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အကောင် အထည်ဖော်စောင့်ကြည့်ထိန်းညှိခြင်းများကို ဆက်လက်ပြုလုပ်သွားရန် ကော်မတီကို စေတနာဖြင့် တိုက်တွန်းနှိုးဆော်အကြံပြုထောက်ခံရင်း နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေး တိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့အစီရင်ခံစာအပေါ်ကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီအနေနဲ့ သက်ဆိုင်ရာဝန်ကြီး ဌာနဆောင်ရွက်နေတဲ့လုပ်ငန်းတွေ၊ ရည်မှန်းချက်တွေ၊ မူဝါဒတွေကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက် နိုင်ဖို့အတွက် အကြံကောင်းတွေပေးနိုင်ဖို့နဲ့ လွှတ်တော်ရဲ့စောင့်ကြည့်ထိန်းညှိခြင်းအခန်းကဏ္ဍကို

ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ဖို့လို့ တင်ပြထားတာတွေ့ရပါတယ်။ စုံစမ်းလေ့လာမှုတွေကို ဆောင်ရွက်တဲ့နေရာမှာတော့ ဆရာဆရာမခန့်ထားမှုတွေ၊ လေ့ကျင့်သင်ကြားမှုတွေ၊ ဆရာဆရာမတွေရဲ့လုပ်ငန်းကျွမ်းကျင်မှုတွေနဲ့ အဆင့်ငါးဆင့်တင်ပြထားတာကို တွေ့ရပါတယ်။ လေ့လာသင်ကြားတွေ့ရှိချက်တွေကိုကြည့်ပြန်တော့လည်း ဆရာလိုအပ်ချက်တွေ၊ ဆရာဆရာမတွေအတွက် လမ်းညွှန်တဲ့စာအုပ်အပေါ်မှာ သဘောပေါက်မှုနည်းပါးတာတွေ၊ အသုံးချခြင်းမရှိတာတွေ၊ ကျောင်းရဲ့စီမံခန့်ခွဲမှုအားနည်းတာတွေနဲ့ အကဲဖြတ်မှုလိုအပ်ချက်တွေကို တင်ပြထားတာတွေ့ရပါတယ်။ ဒါ့အပြင် မိဘအုပ်ထိန်းသူတွေအနေနဲ့ပညာရေးစနစ်အပေါ်မှာ နားလည်သဘောပေါက်မှုအားနည်းတာတွေ စတဲ့အချက်တွေ တင်ပြထားတာကို တွေ့ရပါတယ်။ အကြံပြုချက်တွေအနေနဲ့ကတော့ အထူးပြုဆရာဆရာမတွေ လိုအပ်ချက်တွေကို ခန့်ထားပေးဖို့၊ သင်ထောက်ကူပစ္စည်းလိုအပ်ချက်တွေကိုဖြည့်ဆည်းပေးဖို့၊ ဆရာဆရာမတွေရဲ့လမ်းညွှန်စာအုပ်နဲ့ ကျောင်းသုံးစာအုပ်တွေကို အချိန်မီဖြန့်ဖြူးပေးဖို့၊ ကျောင်းလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ အစဉ်အဆက်မပြတ် စနစ်တကျအကဲဖြတ်ဖို့နဲ့ ပညာရေးအရာရှိတွေကစောင့်ကြည့်ဖို့၊ ကျောင်းပညာရေးမှာ ကျောင်းသားများ၊ မိဘများပါဝင်ပူးပေါင်းနိုင်ဖို့အတွက် အကြံပြုထားတာတွေတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကော်မတီရဲ့လေ့လာတွေ့ရှိချက်၊ အကြံပြုချက်တွေဟာ ရိုးရှင်းတယ်လို့ ကျွန်တော့်အနေနဲ့ထင်မြင်မိပါတယ်။ ကော်မတီအနေနဲ့ ဒီထက်မကလိုအပ်တဲ့အကြံပြုချက်တွေပေးနိုင်အောင် ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းလေ့လာမှုတွေပြုလုပ်သင့်ကြောင်း ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြလိုပါတယ်။

ကော်မတီအနေနဲ့ ဝန်ကြီးဌာနကို ထိရောက်တဲ့အကြံပြုချက်တွေပေးဝေနိုင်ဖို့အတွက်ဆိုရင် ဝန်ကြီးဌာနရဲ့ချမှတ်ထားတဲ့မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေ၊ ရည်မှန်းချက်တွေကို ကျကျနနလေ့လာပြီး ယခုလက်ရှိမြေပြင်မှာအမှန်တကယ်တွေ့ရှိရတဲ့ စိန်ခေါ်မှုတွေ၊ လိုအပ်ချက်တွေကို အသေအချာလေ့လာပြီးမှ ထိရောက်တဲ့အကြံဉာဏ်တွေပေးနိုင်အောင်ဆောင်ရွက်သင့်ကြောင်း ကျွန်တော့်အနေ

နဲ့တင်ပြလိုပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ရည်မှန်းချက်တွေမှာဆိုရင် တွေးခေါ်ကြံဆဝေဖန် ပိုင်းခြားနိုင်တဲ့၊ ဗလငါးတန်ပြည့်စုံတဲ့နိုင်ငံသားကောင်းတွေဖြစ်ပေါ်စေရေး၊ ပြည်သူ့နီတိနှင့် ဒီမိုကရေစီကျင့်စဉ်တွေ၊ လူ့အခွင့်အရေးတွေ၊ ဥပဒေတွေကို လေးစားလိုက်နာတဲ့နိုင်ငံ့သားကောင်း တွေဖြစ်ပေါ်လာရေး၊ ပညာရပ်နယ်ပယ်အသီးသီးမှာ ထူးချွန်တဲ့အသိပညာရှင်၊ အတတ်ပညာရှင် တွေဖြစ်ပေါ်လာရေး၊ အားကစားကဏ္ဍကိုအားပေးမြှင့်တင်ပြီး ကျောင်းကျန်းမာရေးကို စနစ်တကျ အကောင်အထည်ဖော်ရေး အစရှိတဲ့ရည်မှန်းချက်ကိုးချက်ကို တွေ့ရမှာဖြစ်ပါတယ်။

အဲဒီရည်မှန်းချက်တွေအောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့အတွက်လည်း ပညာရေး ဝန်ကြီးဌာနအနေနဲ့လုပ်ငန်းစဉ်တွေချမှတ်အကောင်အထည်ဖော်နေတာကို ကျွန်တော်တို့ တွေ့ရပါ တယ်။ အဲဒီနေရာမှာ အခြေခံပညာအတွက် လုပ်ငန်းစဉ်(၅၃)ချက်အပြင် နည်းပညာနှင့် အသက် မွေးဝမ်းကျောင်းပညာအတွက် လုပ်ငန်းစဉ်တွေ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးလုပ်ငန်း စဉ်တွေ၊ သုတေသနဆိုင်ရာလုပ်ငန်းစဉ်တွေ၊ တီထွင်မှုဆိုင်ရာလုပ်ငန်းစဉ်တွေ၊ တိုင်းရင်းသား ဘာသာရပ်ဆိုင်ရာလုပ်ငန်းစဉ်တွေ၊ မြန်မာနိုင်ငံစာစစ်ကဏ္ဍရဲ့လုပ်ငန်းစဉ်တွေ၊ လေ့လာဆန်းစစ် အကဲဖြတ်ရေးလုပ်ငန်းစဉ်တွေ အစရှိတဲ့ လုပ်ငန်းစဉ်ပေါင်းမြောက်မြားစွာကို အကောင်အထည်ဖော် နေတာကို တွေ့ရပါတယ်။ အဲဒါအပြင် ဦးစားပေးလုပ်ငန်းစဉ်ရှစ်ရပ်ကိုလည်း ချမှတ်ပြီး အကောင် အထည်ဖော်ဆောင်ရွက်နေတာ တွေ့ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကော်မတီရဲ့အစီရင်ခံစာမှာပါတဲ့ လေ့လာတွေ့ရှိချက်၊ အကြံပြုချက် တွေဟာ ဝန်ကြီးဌာနကအကောင်အထည်ဖော်နေတဲ့ကိစ္စတွေဖြစ်နေတာကို တွေ့ရပါတယ်။ ထူးထူး ခြားခြားလေ့လာအကြံပြုတာရယ်လို့ ကျွန်တော့်အနေနဲ့ မမြင်မိပါဘူးခင်ဗျား။ အဲဒီမှာဖြစ်စေချင် တာကတော့ ရည်မှန်းချက်တွေအပေါ်မှာ ချမှတ်ထားတဲ့လုပ်ငန်းစဉ်တွေရဲ့အကောင်အထည်ဖော်တဲ့

နေရာမှာ အဆင်ပြေမှုတွေရှိရဲ့လား၊ မြေပြင်အနေအထားနဲ့ဘယ်လိုကွဲလွဲချက်တွေရှိသလဲ၊ စိန်ခေါ်မှုတွေကဘာတွေလဲ၊ ဒါတွေကို ဘယ်လိုကျော်ဖြတ်မလဲဆိုတဲ့အကောင်းဆုံးအကြံဉာဏ်တွေပေးသင့်ကြောင်း ကျွန်တော့်အနေနဲ့ထင်မြင်မိပါတယ်။ နောက်တစ်ခုကတော့ ရည်မှန်းချက်(၉)ချက်ဖြစ်တဲ့ရည်မှန်းချက်တွေကိုထည့်ရင် ဘယ်လိုရည်မှန်းချက်တွေ နောက်ဆက်တွဲမှာ ဘယ်လိုတွေထည့်ရင်ကောင်းမလဲ၊ ဥပမာအားဖြင့် မူးယစ်ဆေးဝါးကင်းစင်ရေးကိစ္စတွေ၊ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စတွေအစရှိတဲ့ရည်မှန်းချက်တွေထည့်ရင် သင့်တော်မလား၊ ဒီလိုမျိုးအကြံဉာဏ်တွေပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် သက်ဆိုင်တဲ့လုပ်ငန်းစဉ်တွေကိုလည်း တိုးချဲ့ပြီးတော့မှ ထည့်မှတ်နိုင်အောင် အကြံပြုသင့်ကြောင်း တင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနဲ့တင်ပြလိုတာက လက်ရှိအချိန်မှာအကောင်အထည် ဖော်နေတဲ့ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေအပေါ်မှာ တူညီတဲ့အကြံပြုချက်မျိုးတွေပေးတာထက် သီးခြားအကြံပြုချက်မျိုးတွေပေးနိုင်အောင် ကျယ်ကျယ်ပြန့်ပြန့်လေ့လာပြီးမှ ဝန်ကြီးဌာနကို အကောင်းဆုံးအကြံဉာဏ်တွေပြုသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတိုးဝင်း(တာမွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံးပဲမင်္ဂလာပါ။ ကျွန်တော် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့အစီရင်ခံစာကို ဆွေးနွေးခွင့်ရတဲ့အတွက် ပညာရေးမြှင့်တင်မှုကော်မတီကို အထူးပဲကျေးဇူးတင်ပါတယ်။ အထူးပဲကောင်းတဲ့အစီရင်ခံစာဖြစ်ပါတယ်။ ဒီနေရာမှာ Power Point သုံးခွင့်ပေးပါခင်ဗျား။ ဒီမှာဆိုရင် စုံစမ်းလေ့လာမှုမှတွေ့ရှိရတဲ့အဓိကကိစ္စရပ်များမှာ (က)ကနေ (စ)ထိ ခြောက်ချက်မှာ (စ)မှာ (၂၁)ရာစုပညာ

ကျွမ်းကျင်လေးမျိုးနှင့် အမျိုးသားပညာရေးဥပဒေပါဖွံ့ဖြိုးမှုစွမ်းရည်ထက်မြက်ဖို့အတွက် ဗလငါးတန်ပါဝင်တဲ့သင်ယူမှုရလဒ်များ ပြည့်မီရေးဆိုတဲ့ စာသင်ခန်းထဲမှာ ပြည့်မီရေးဆိုတာ ပါပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကျောင်းသားများကို ဗလငါးတန်ပြည့်စုံအောင်သင်ပေးဖို့ အတွက် ထောက်ပြထားတာဖြစ်ပါတယ်။ ဗလငါးတန်ဆိုတာကတော့ ဉာဏဗလ၊ ကာယဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ၊ မိတ္တဗလဆိုတဲ့ ဗလတွေပြည့်စုံမှ ကျွန်တော်တို့ ပါဠိလိုကတော့ ဗလဆိုတာ ဗိုလ်လို့ခေါ်တာပါ။ ကျွန်တော်တို့ ကလေးတွေကို သူများနောက်လိုက်တွေမဖြစ်ဘဲ အမြဲတမ်း ဗိုလ်ဖြစ်နေအောင် ဗလငါးတန်ပြည့်စုံချင်တဲ့စေတနာ ပညာရေးဝန်ကြီးဌာနကနေချမှတ်ထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဗလငါးတန်ဖြစ်ပေါ်စေတဲ့ကလေးတွေဖြစ်မှဖြစ်သလို အဲဒီကလေးတွေ ဗလငါးတန် ဖြစ်ပေါ်ဖို့သင်ရတဲ့ဆရာများမှာလည်း ဗလငါးတန်ပြည့်စုံဖို့လိုအပ်တယ်ဆိုတာကို ထောက်ပြထားတာဖြစ်ပါတယ်။

အဲဒီတော့ ဒီမှာဆိုလို့ရှိရင် အစိုးရဆရာဆရာမများနဲ့ ကိုယ်ပိုင်ကျောင်းများရဲ့နှိုင်းယှဉ်ချက်မှာ (၁)၊ (၂)၊ (၃)မှာဆိုရင် လစာနှင့်ထိုက်တန်တဲ့ကြိုးစားအားထုတ်မှုဟာ ကိုယ်ပိုင်ကျောင်းတွေမှာ ရှိတယ်။ အဲဒီလိုအားထုတ်မှုဖြစ်တဲ့ဟာကိုအကဲဖြတ်ဖို့အတွက် အတန်းတစ်တန်းမှာ ကိုယ်ပိုင် စာသင်ခန်းရဲ့ အတန်းပိုင်မဖြစ်မနေထားပါတယ်။ သူကသင်ကြားရေးထက် အကဲဖြတ်ခြင်း၊ ဆရာကိုအကဲဖြတ်တယ်၊ ကျောင်းသားကိုအကဲဖြတ်တယ်။ ပြီးတဲ့အခါမှာ ကျောင်းပိုင်ရှင်တွေက CCTV ကနေ အကဲဖြတ်ပြီးတော့မှ ကျောင်းသား၊ ဆရာများရဲ့တိုးတက်မှုအပေါ်မှာ လစာနှုန်းထား တွေတိုးမြှင့်ပြီးတော့ အောင်မြင်မှုပေါ်မှာပေးတာတွေ့ရပါတယ်။ အနိမ့်ဆုံး ကျပ် ၂၀၀၀၀၀ ကနေ အများဆုံး ကျပ် ၁၅၀၀၀၀၀ ကျော်ထိရကြပါတယ်။ ကျွန်တော်တို့အစိုးရကျောင်းတွေမှာတော့ အင်မတန်လစာနည်းပါတယ်။ နံပါတ်(၅)မှာ ဆရာရဲ့နာမည်သတင်းကျော်ကြားမှုပေါ်မူတည်ပြီးတော့ ကျောင်းသားတွေရဲ့ပြိုင်အပ်မှု၊ လာပြီးတော့မှ ဆရာကိုရွေးချယ်မှုပိုင်းကိုခွင့်ပြုထားပြီးတော့မှ ပိုပြီး

မူကြမ်း

တော့ အကျိုးခံစားခွင့်ကို ပြိုင်ဆိုင်မှုအနေနဲ့ဆောင်ရွက်ပေးထားပါတယ်။ အဲဒီနံပါတ်(၆)မှာ ကျောင်းတွေရဲ့စိတ်ဝင်စားမှု ကျောင်းခန်းတွေကို Projector တွေ၊ ကွန်ပျူတာတွေ၊ CCTV တွေစသဖြင့် ထောက်ပံ့ပစ္စည်းတွေနဲ့ ကူညီပံ့ပိုးထားပါတယ်။ ကျွန်တော်တို့အစိုးရကျောင်းမှာတော့ ဘတ်ဂျက်တွေပေါ်မူတည်ပြီး လုပ်ဆောင်ရတဲ့အတွက်အားနည်းပါတယ်။ နံပါတ်(၇)မှာတော့ အုပ်ထိန်းသူနဲ့နေ့စဉ်ထိတွေ့ သတင်းပို့ခြင်း၊ သတင်းယူနိုင်ခြင်းအချက်အလက်တွေကို ကိုယ်ပိုင်ကျောင်းတော်တော်များများမှာ Software Application တွေသုံးစွဲနေကြပြီး Smart School ရဲ့ ကနဦးခြေလှမ်းကိုတောင်ဆောင်ရွက်နေနိုင်ပြီဖြစ်သလို ကျွန်တော်တို့စာသင်အစိုးရကျောင်းတွေမှာတော့ Report Card ကလွဲပြီး မိဘထံကို ကျောင်းသားကျောင်းသူတိုးတက်မှုအစီရင်ခံစာဟာ အားနည်းလွန်းတာကိုတွေ့ရတယ်။ တချို့ကျောင်းတွေမှာတော့ လုပ်နိုင်နေတာတွေ့ရတယ်။

ဒါကတော့ ကျွန်တော်တို့ ဒီဘက်က ကိုယ်ပိုင်စာသင်ခန်းတစ်ခန်းရဲ့အခန်းဖွဲ့စည်းပုံနဲ့ ကျောင်းသားတွေပျော်ရွှင်စရာဖြစ်အောင် ဖန်တီးထားပြီး ဒီဘက်ကတော့ အစိုးရကျောင်းတစ်ကျောင်းရဲ့စာသင်ခန်းဖွဲ့စည်းပုံဖြစ်ပါတယ်။ ဒါလည်းထိုနည်းလည်းကောင်းပါပဲ။ အလွန်ကျဉ်းကျပ်ပြီးတော့မှ နောက်ကနေကြည့်ရင်တောင်မှ အစိုးရစာသင်ကျောင်းမှာ Blackboard တွေဟာ ကွေးပြီးတော့မှ အလွန်ကိုကြည့်ရဆိုးလှပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ Yangon News မှာ ကျောင်းဆရာအလုပ်ဟာ ကမ္ဘာပေါ်မှာစိတ်ပင်ပန်းဆုံးအလုပ်ဖြစ်ကြောင်း သိပ္ပံပညာရှင်တွေကတွေ့ရှိထားတာ ဖော်ပြထားပါတယ်။ National Foundation for Education and Research ရဲ့လေ့လာချက်အရ စိတ်ပင်ပန်းမှုများလွန်းအားကြီးတဲ့အတွက်ကြောင့် အခြားလုပ်ငန်းခွင်တွေမှာ ရှစ်ဦးမှာတစ်ဦး စိတ်ပင်ပန်းမှုဖြစ်ကြသော်လည်းပဲ ဆရာဆရာမတွေရဲ့လုပ်ငန်းခွင်မှာတော့ ငါးဦးမှာတစ်ဦး စိတ်ပင်

ပန်းမှုတွေဖြစ်နေကြကြောင်း လေ့လာတွေ့ရှိမှုတွေအရဖော်ပြပါတယ်။ ဒါဆိုလို့ရှိရင် ဗလငါးတန်ပြည့်စုံတဲ့ဆရာဆရာမတွေဖြစ်ဖို့ဆိုတာ ဆရာဆရာမတွေရဲ့လိုအပ်ချက်တွေကို ဗလငါးတန်ပြည့်အောင် ဆောင်ရွက်ပေးနိုင်ဖို့လိုပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ ထမ်းဆောင်ကြတဲ့ တချို့ဆရာဆရာမတွေဟာ ကျောင်းသားတွေအပေါ်စေတနာထားပြီးတော့မှ သူတို့အနေနဲ့ အချိန်ပိုတွေပါ ညဘက်တွေမှာသင်ကြားပေးရတဲ့ဆရာဆရာမတွေရှိပါတယ်။ ဒီလို ဆရာဆရာမမျိုးတွေအတွက် ထိုက်တန်တဲ့ရရှိမှုတွေရရှိအောင် ဝန်ကြီးဌာနများက ဆောင်ရွက်ပေးသင့်သလို နေထိုင်ရေးလုံခြုံမှု၊ သွားလာရေးလုံခြုံမှုနှင့် အထူးသဖြင့် အဂတိမကင်းဘူးလို့ ဆရာဆရာမတွေရဲ့ရင်ထဲမှာအမြဲတမ်းခံစားနေရတဲ့ကျောင်းဆရာဆရာမများရဲ့ အပြောင်းအရွှေ့ကိစ္စများကို ဝန်ကြီးဌာနကနေပြီးတော့မှ သေသေချာချာ Fair ဖြစ်အောင် ဆောင်ရွက်ပေးသင့်တယ်လို့ အကြံပြုချင်ပါတယ်။

အဲဒီတော့ ကျောင်းနေပျော်၍ စာသင်တော်ရမယ့်တပည့်တွေပေါ်များလာအောင် ဆောင်ရွက်ရမှာဖြစ်သလို ကျောင်းသွားပျော်ပြီးတော့ စာသင်တော်တဲ့ဆရာဆရာမများဖြစ်ဖို့ဆိုတာ သူတို့ရဲ့ Conscious Mind၊ Unconscious Mind မှာ ဒီစာသင်ခြင်းအလုပ်ကိုပျော်ရွှင်ပြီးတော့မှ လစာနည်းခြင်း/များခြင်းမဟုတ်ဘဲ ဒီမှာဆိုလို့ရှိရင် ဒီဘက်ကအစိုးရကျောင်းမှာ ကိုယ်ပိုင်စာသင်ကျောင်းလိုပဲ ခမ်းခမ်းနားနားနဲ့ပြည့်စုံအောင်ဆောင်ရွက်ပေးနေတာကို တွေ့ကြမှာပါ။ လစာနည်းတာခြင်းအတူတူ ဆရာဆရာမတွေရဲ့ Efficiency ဖြစ်မှု၊ ကျောင်းအုပ်ကြီးရဲ့စီမံခန့်ခွဲမှုနဲ့မိဘတွေပူးပေါင်းဆောင်ရွက်အောင်လုပ်ဆောင်နိုင်တဲ့ ဒီကိုယ်ပိုင်ကျောင်းတွေ၊ အစိုးရကျောင်းတွေရဲ့ဆောင်ရွက်မှုတွေကို နမူနာထားပြီး ဆရာဆရာမတွေကို ဘယ်လိုပံ့ပိုးပေးရမယ်၊ ဘယ်လိုကူညီပေးရမယ်၊ သူတို့ရဲ့တော်ချက်တွေကို အခြားကျောင်းတွေကူးစက်အောင် ဘယ်လိုဆောင်ရွက်ပေးရမယ်ဆိုတဲ့ လေ့လာဆန်းစစ်မှု၊ Detail လုပ်မှုဟာ လိုအပ်နေပါသေးတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ကို ဒီစံပြဖြစ်တဲ့ကျောင်းတွေရဲ့ဆောင်ရွက်မှုတွေ၊ ကြိုးစားမှုတွေ

ကိုနမူနာယူပြီး ဆရာဆရာမများကိုလည်း အတတ်နိုင်ဆုံးထောက်ပံ့ပြီး ဗလငါးတန်ဖြစ်အောင် ဝိုင်းဝန်းဖြည့်ဆည်းပေးကြဖို့ လေးစားစွာတင်ပြရင်း ကျွန်တော့်ရဲ့ဆွေးနွေးမှုကို နိဂုံးချုပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမင်းသိန်း (တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီး မဲဆန္ဒနယ်က ဦးမင်းသိန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို ဝေဖန်ဆွေးနွေးရာမှာ အစီရင်ခံစာ စာမျက်နှာနံပါတ်(၂၂)မှာပါဝင်တဲ့ စုံစမ်းလေ့လာမှုအတွက် တွေ့ဆုံမေးမြန်းခဲ့သူများဆိုတဲ့အပိုင်းကို စတင်ဝေဖန်ဆွေးနွေးချင်ပါတယ်။ အဲဒီမှာ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီက ကိုယ်စားလှယ်များသည် လွှတ်တော်ရပ်နားချိန်တွင် မဲဆန္ဒနယ်များရှိကျောင်းများသို့ ကိုယ်တိုင်သွားရောက်၍ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံပြီး စစ်တမ်းများကောက်ယူခဲ့ကြောင်း၊ KG ၏ Grade 1၊ Grade 2 မှ ကျောင်းသား ၅၆၄ ဦး၊ ဆရာ ၅၈၇ ဦး၊ မိဘ ၅၇၉ ဦး တို့ကို မေးခွန်းများ မေးမြန်း၍ စစ်တမ်းများ ကောက်ယူခဲ့ကြောင်း ဖော်ပြထားတာကို တွေ့ရပါတယ်။ ဒီမှာတင် ဝေဖန်ဆွေးနွေးစရာပေါ်လာပါတယ်။ ပညာရေးမြှင့်တင်မှုကော်မတီ အဖွဲ့ဝင်တွေက ကိုယ့်ရဲ့မဲဆန္ဒနယ်၊ ကိုယ့်အရပ်၊ ကိုယ့်ဒေသမှာပဲ စစ်တမ်းကောက်ခဲ့တာလား၊ အခြားသောမဲဆန္ဒနယ် တွေမပါဝင်သင့်ဘူးလားလို့ ဝေဖန်ဆွေးနွေးချင်ပါတယ်။ ဒါ့အပြင် မေးမြန်းခံရသူတွေ၊ တွေ့ဆုံတဲ့သူတွေထဲမှာ ကျောင်းအုပ်အပါအဝင် ဆရာဆရာမ ၅၈၇ ဦးကို မေးမြန်းခဲ့တယ်လို့ ဆိုပါတယ်။ တကယ်တော့ မြို့နယ်ပညာရေးမှူးတွေ၊ လက်ထောက်မြို့နယ်ပညာရေးမှူးတွေကိုပါ တွေ့ဆုံမေးမြန်းစေချင်ပါတယ်။ ပညာရေးဆိုတာမှာ

သင်ကြားရေးရယ်၊ စီမံခန့်ခွဲရေးရယ်၊ စစ်ဆေးရေးရယ်ဆိုပြီး အပိုင်းသုံးပိုင်းပါဝင်ပါတယ်။ ပညာရေးမှူး၊ လက်ထောက်ပညာရေးမှူးများဟာ စီမံခန့်ခွဲရေး၊ စစ်ဆေးရေးကဏ္ဍများမှာ တာဝန်ယူဦးဆောင်ရတဲ့သူများ ဖြစ်ကြတဲ့အတွက်ကြောင့် ဒီစစ်ဆေးရတဲ့သူတွေ လက်ထောက်ပညာရေးမှူးတွေရဲ့အသံတွေကို နာထောင်သင့်ပါတယ်။ ဒါကြောင့် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာမှာ ပညာရေးမှူး၊ လက်ထောက်ပညာရေးမှူးများရဲ့အသံများ တွေ့ကြုံရတဲ့ အားသာချက်၊ အားနည်းချက်များကို မဖော်ပြနိုင်ခြင်းဟာ အစီရင်ခံစာရဲ့ အားနည်းချက်တစ်ရပ်ဖြစ်နေတာကို တွေ့ရပါတယ်။ ကော်မတီသို့အကြံပြုလို့ဆိုရာမှာလည်း အားနည်းချက်ကြီးတစ်ခုကို တွေ့ရပါတယ်။ အဲဒါကတော့ ကော်မတီသို့ အကြံပြုလွှာများပေးပို့နိုင်ကြောင်းကို လူထုသိအောင် အကြောင်းကြားမှာ Facebook မှတင်ကြောင်းကိုတွေ့လိုက်ရပါတယ်။ ဒီအပြင် Skynet Etucation Channel ကနေ ကြေညာကြောင်း ဖတ်လိုက်ရပါတယ်။ တကယ်တော့ ဒီ Facebok တို့ ၊Skynet Channel တို့ဆိုတာဟာ အခြေခံပညာဦးစီးဌာနနဲ့ ချိတ်ဆက်ပြီးတော့ တိုင်းပညာရေးမှူး၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး အဆင့်ဆင့်တို့မှတစ်ဆင့် အကြံပြုလွှာများပေးပို့နိုင်ကြောင်း အသိပေးသင့်ပါတယ်။ ဒါမှသာ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ကျယ်ကျယ် ပြန့်ပြန့်အကြံပေးနိုင်မှာ ဖြစ်ပါတယ်။ ကော်မတီသို့ အကြံပြုလွှာများ ရောက်ရှိလာမှုကိုကြည့်လိုက်တော့ ၁၄ စောင်ပဲရှိပါတယ်။ တစ်ပြည်လုံးအတိုင်းအတာဆိုတော့ အလွန့်အလွန်ကို နည်းလွန်းပါတယ်။ အကြံပြုလွှာပေးပို့ဖို့ မိဘများ၊ ဆရာဆရာမများမသိလိုက်ကြောင်းဟာ ဒီနည်းပါးလှတဲ့ အရေအတွက်က သက်သေပြနေပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ စကားစပ်မိလို့ တင်ပြချင်တာတစ်ခုရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက ဆရာဆရာမတွေ ကျောင်းအုပ်တွေနဲ့တွေ့ဆုံပြီးတော့ သူတို့ရဲ့ အခက်အခဲများ၊ အကြံဉာဏ်များကို တောင်းတဲ့အခါမှာ မေးမြန်းတဲ့အခါမှာ အဲ့ဒီဆရာဆရာမများ၊ ကျောင်းအုပ်များဟာ ရဲရဲတင်တင်း မှန်မှန်ကန်ကန်

မဖြေကြားရဲကြပါဘူး။ အားလုံးကောင်းပါသည်ဆိုတဲ့ အဖြေမျိုးတွေကိုသာ ကြားနေရပါတယ်။ ဘာကြောင့်ပါလဲလို့ တိတ်တဆိတ် မေးမြန်းစုံစမ်းကြည့်လိုက်တဲ့အခါမှာ ကိုယ်စားလှယ်များကို ဒီလိုတင်ပြတာတွေကို တချို့တချို့သော မြို့နယ်ပညာရေးမှူးများ၊ ခရိုင်ပညာ ရေးမှူးများ၊ တိုင်းပညာရေးမှူးများကမကြိုက်ကြောင်းနဲ့ သူတို့ကိုမဆူသော်လည်း မငေါက်သော် လည်း နင်တို့က လွှတ်တော်ကိုယ်စားလှယ်တွေကို အားကိုးတာလားလို့ ကလိတဲ့၊ ရိတဲ့စကားများနဲ့ ပြန်ပြောကြ ကြောင်းကိုလည်း ကျွန်တော်တို့ ကြားသိခဲ့ရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့အစီရင်ခံစာမှာ ကော်မတီအစည်းအဝေးခန်းမသို့ ဖိတ်ခေါ်၍ မေးမြန်းခြင်းများဆောင်ရွက်ခဲ့ကြောင်း စုစုပေါင်း ၃၀ ဦးပါဝင်ကြောင်း ဆွေးနွေးခဲ့ကြောင်း အစီရင်ခံစာစာမျက်နှာ နံပါတ်(၂၃) မှာ ဖတ်ရပါတယ်။ ဒီ ၃၀ ဦးထဲက ဘယ်သူတွေလဲ၊ ဘယ်မြို့ တွေကလဲလို့ ကြည့်လိုက်တော့ မိုးမောက်မြို့ကတစ်ဦး၊ တန့်ဆည်မြို့ကနှစ်ဦး၊ ကျောက်ဆည် မြို့ကတစ်ဦး၊ မိတ္ထီလာမြို့ကတစ်ဦး စုစုပေါင်း ရှစ်ဦးတက်ရောက်ကြောင်း တွေ့ရပါတယ်။ ဒီတော့ ကျွန်တော်ကလည်း နှိုက်နှိုက်ချွတ်ချွတ် စဉ်းစားရှာဖွေကြည့်လိုက်တော့ ပညာရေးမြှင့်တင်မှု ကော်မတီမှာ ပါလာတဲ့ ကိုယ်စားလှယ်ကြီးများ ကလည်း ကျောက်ဆည်၊ မိုးမောက်၊ မိတ္ထီလာ၊ တန့်ဆည်စတဲ့ မြို့များက ကိုယ်စားလှယ်ကြီးများ ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါတိုက်ဆိုင်မှုတော့ မဟုတ်တန်လောက်ဘူးလားလို့ထင်ပါတယ်။ မြန်မာစကားပုံ ရှိပါတယ်။ ကိုယ့်အရပ်နဲ့ ကိုယ်ဇာတ် ဆိုတာပါပဲ။ ဒီတင်ပြခဲ့တဲ့ တွေ့ဆုံဆွေးနွေးမှုမှာ တက်ရောက်လာသူ ရှစ်ဦးဟာ ဆရာနဲ့မိဘများ ဖြစ်ပါတယ်။ ကျန် ၂၂ ကတော့ အဖွဲ့အစည်းများနှင့်ကော်မတီများ၊ ကော်မရှင်များ၊ ဦးစီးဌာနများက ဖြစ်ပါတယ်။ ဒါကြောင့်ကော်မတီရဲ့ ဆွေးနွေးပွဲတွေမှာ သီအိုရီသမားများ၊ သဘောတရားများ သာလွှမ်းမိုးပြီးတော့

တကယ်လက်တွေ့ အကောင်အထည်ဖော်ရတဲ့ ဆရာဆရာမ၊ ပညာရေးမှူးများ ပါဝင်မလာတာဟာ ဆွေးနွေးပွဲမှာ မသင့်လျော်ဘူးလို့ ယူဆပါတယ်။

နိဂုံးချုပ်တင်ပြရရင်တော့ ပညာရေးမြှင့်တင် ပြောင်းလဲမှုကြီးဟာ အလွန်တရာ ကျယ်ဝန်းလှပါတယ်။ နက်ရှိုင်းလှပါတယ်။ ဒီပြုပြင်ပြောင်းလဲမှုကြီးကို စုံစမ်းလေ့လာမှုဟာလည်း အလွန်တရာ အရေးပါလှပါတယ်။ နက်ရှိုင်းလှတဲ့ ပညာရေးသမုဒ္ဒရာကြီးကို စုံစမ်းလေ့လာမှုဆိုတဲ့ ယုန်သူငယ်လေးက ခြေထောက်လေးနဲ့ထောက်ပြီးစမ်းနေသလို မဖြစ်ဖို့နဲ့ စုံစမ်းတယ်၊ လေ့လာတယ်၊ အကဲဖြတ်တယ်တဲ့နေရာမှာလည်း ကိုယ့်ရပ်နဲ့ ကိုယ့်ဇာတ်မဖြစ်ဖို့ လိုအပ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ရှေးဦးပဏာမ ဆုတောင်းမေတ္တာများ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာနဲ့ပတ်သက်ပြီးတော့ ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အစီရင်ခံစာကိုလေ့လာကြည့်တဲ့အခါမှာ မျိုးဆက်သစ်တွေရဲ့ ပညာရေးအတွက် အခြေခံပညာဆရာဆရာမများ၏ ကျွမ်းကျင်မှုများနဲ့ လေ့ကျင့်သင်ကြားမှုဆိုင်ရာများကို စုံစမ်းလေ့လာထားတယ်လို့ ဆိုထားတာတွေ့ရပါတယ်။ ကော်မတီအနေနဲ့ အဓိကထားပြီးတော့ လေ့လာစိစစ်ခဲ့တဲ့စုံစမ်းလေ့လာမှု ငါးချက်ကိုလည်း ကြိုဆိုထောက်ခံအပ်ပါတယ်။ ကော်မတီအနေနဲ့ လက်တွေ့ဖြစ်ပေါ် နေတဲ့ အခြေခံပညာကဏ္ဍရဲ့ အားသာချက်၊ အားနည်းချက်တွေအပေါ်မှာ

သုံးသပ်ချက်အကြံပြုချက်တွေဟာလည်း အားရကျေနပ်စရာကောင်းတာတွေ့ရပါတယ်။ ဒါတွေဟာ လက်တွေ့တာဝန်ထမ်းဆောင်နေခဲ့တဲ့ အခြေခံပညာက ဆရာကြီး၊ ဆရာမကြီးတွေရဲ့ ပူးပေါင်းပါဝင်ဖြေကြားအကြံပြုလာမှုနဲ့ ကော်မတီအဖွဲ့ဝင်တွေရဲ့ မဲဆန္ဒနယ်အတွင်း ကွင်းဆင်းလေ့လာမှုတွေကြောင့်လည်း ပါဝင်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာရဲ့ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ တို့အရ ပန်းချီ၊ ဂီတနဲ့ ကာယဆရာကိစ္စတွေ့ရှိချက်ကို အပိုဒ်ရဲ့ ၁၄ မှာ အကြံပြုထားတာလေးကို အလေးထားပြီးတော့ သင်ကြားဖို့အတွက် အနုပညာကျောင်းဆင်းတွေကို ခန့်ထားသင့်ကြောင်း အကြံပြုထားတာတွေ့ရပါတယ်။ လက်တွေ့မှာတော့ ပန်းချီနဲ့ ဂီတအနုပညာတွေကို တတ်နိုင်သ၍လေ့လာဆည်းပူးပြီးတော့ ပြန်လည်သင်ကြားနေရတဲ့အတွက် အခက်အခဲတွေရှိကြောင်းလည်းသိရှိရပါတယ်။ အစီရင်ခံစာရဲ့ အပိုဒ် ၁၅ နဲ့ ၁၆ အရ သင်ထောက်ကူပစ္စည်းလုံလောက်စွာနဲ့ အချိန်မီရရှိရေးဟာလည်း စနစ်သစ်ပညာရေးမှာ အရမ်းပဲအရေးကြီးလှပါတယ်။ အခမဲ့ပညာရေးလို့ ဆိုထားသော်လည်းပဲ စနစ်သစ်ပညာရေးမှာ အထောက်အကူပစ္စည်းတွေလုံလောက်အောင်မပေးနိုင်သေးတာနဲ့ အချိန်မီမပေးပို့နိုင်သေးတာကြောင့် ကျောင်းသားမိဘတွေကသားသမီးတွေကို ဝယ်ပေးနေရတာရှိသလို အချို့ဆရာဆရာမတွေကလည်းစိုက်ထုတ်ပြီး အကုန်ခံနေရတာလည်း ကြားသိနေရပါတယ်။ ဒါတွေကို အဆင်ပြေနိုင်ဖို့အတွက် ကော်မတီရဲ့အစီရင်ခံစာ အပိုဒ် ၁၇ မှာ အကြံပြုထားသလို သီးသန့်ဘတ်ဂျက်ထားပြီးတော့ ဆောင်ရွက်ဖို့လိုအပ်သလို အဲဒီဘတ်ဂျက်ကိုလည်း တကယ်လိုအပ်တဲ့အချိန်မှာ အချိန်မီအသုံးပြုခွင့်ရဖို့အတွက် စီစဉ်သင့်တာကိုလည်း ကော်မတီတွေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနကို တိုက်တွန်းဖို့အကြံပြုတင်ပြအပ်ပါတယ်။ အစီရင်ခံစာရဲ့ အပိုဒ် ၂၄ အရ ကျောင်းအုပ်ကြီးများရဲ့စီမံခန့်ခွဲမှုအတတ်ပညာဟာ အင်မတန်မှအရေးကြီးပါတယ်။ ကျောင်းတစ်ကျောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ရာ ကျောင်းအုပ်ကြီးများကစည်းကမ်းနဲ့စနစ်တကျ စီမံခန့်ခွဲဖို့လိုအပ်သလို အတူတာဝန်ကျနေတဲ့ဆရာဆရာမတွေနဲ့ ရပ်ရွာက

မိဘတွေကလည်း ပူးပေါင်းဆောင်ရွက်မှုအား အင်မတန်ကောင်းဖို့အရေးတကြီးလိုအပ်ပါတယ်။ အလျဉ်းသင့်လို့ တင်ပြလိုတာကတော့ မျိုးဆက်သစ်တွေရဲ့ပညာရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုံလောက်တဲ့ စာသင်ခန်းနဲ့ လုံလောက်တဲ့ ဆရာဆရာမများအချိန်မီဖြည့်ဆည်းပေးနိုင်ရေးပဲ ဖြစ်ပါတယ်။ စနစ်သစ်ပညာရေးမှာဆိုရင် အပြင်ဘွဲ့ရတွေကိုငှားသင်မယ်ဆိုလို့ရှိရင် လုံး၀ အဆင်မပြေနိုင်ပါဘူး။ ဒါကြောင့် ဆရာဆရာမလုံလောက်ဖို့က အင်မတန်မှအရေးကြီးပါတယ်။ အပြောင်းအရွှေ့လုပ်တဲ့အခါမှာလည်း ဖြစ်နိုင်ရင် နွေရာသီကျောင်းပိတ်ရက်မှာ အပြောင်းအရွှေ့တွေလုပ်ရင် အဆင်ပြေမလားဆိုတာကို ကော်မတီအနေနဲ့ လေ့လာဆန်းစစ်ဖို့ အကြံပြုလိုပါတယ်။

နောက်ပြီးတော့ ပြောင်းရွှေ့တဲ့ဆရာဆရာမတွေနေရာမှာ လစ်လပ်သွားတဲ့နေရာမှာ အချိန်မီ အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေးကိုလည်း အကြံပြုတိုက်တွန်းအပ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ အကြံပြုချင်တာက ကျောင်းစစ်ဆေးရေးအပိုင်းကိုလည်း ဖြစ်နိုင်ရင်စုံစမ်းလေ့လာစေချင်ပါတယ်။ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်တွေမှတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက ကျောင်းတွေကို စစ်ဆေးရေးသွားတဲ့အခါမှာ ကမ္ဘာ့ဘဏ်ကထုတ်ပေးတဲ့ ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေတွေ၊ ကျောင်းတက်အင်အားစာရင်းတွေ၊ အချိန်ပိုင်းမှတ်တမ်းတွေ၊ သင်ယူတတ်မြောက်မှုအခြေအနေစတာတွေကို စစ်ဆေးတဲ့အခါမှာ စနစ်တကျရှိစေဖို့အတွက် ကျပ်ကျပ်မတ်မတ်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ လက်တွေ့လုပ်နေတဲ့အပေါ်မှာ အားသာချက်၊ အားနည်းချက်တွေကို နောင်တင်ပြလာမယ့် အစီရင်ခံစာတွေမှာ ပါဝင်နိုင်ရေးအတွက် လေ့လာစိစစ်ဖို့အတွက်လည်း အကြံပြုတင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ ကော်မတီအစီရင်ခံစာရဲ့အပိုဒ် ၅၂ မှာဖော်ပြထားတဲ့ အတိုင်း ဆရာဆရာမများရဲ့ လက်ရှိသင်ကြားသင်ယူမှုပြုလုပ်ရာမှာ အားသာချက်၊ အားနည်းချက်တွေကို လေ့လာဆန်းစစ်ပြီးတော့ ပညာရေးဝန်ကြီးဌာနသို့အကြံပြုရန်နှင့် ယင်းအကြံပြုချက်များ

အား ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် တိုက်တွန်းရန်ရည်ရွယ်ခဲ့တယ်ဆိုတဲ့အတိုင်း အဆင်ပြေချောမွေ့စွာနဲ့ စုပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပြီး ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီမှ တင်သွင်းသော မျိုးဆက်သစ်များ၏ ပညာရေးအတွက် အခြေခံဆရာဆရာမများ၏ ကျွမ်းကျင်မှုများနှင့် လေ့ကျင့်သင်ကြားမှုများဆိုင်ရာ စုံစမ်းလေ့လာမှု အစီရင်ခံစာကိုအကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို ပညာရေးမြှင့်တင်မှုကော်မတီအနေဖြင့် ပညာရေးကဏ္ဍ၏ အဓိကကျသော အခြေခံဆရာဆရာမများ၏ ကျွမ်းကျင်သူများနှင့် လေ့ကျင့်သင်ကြားမှုများဆိုင်ရာကို စနစ်တကျစုံစမ်းလေ့လာပြီး လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းလာသည့်အတွက် ကော်မတီကို ကျေးဇူးတင်ကြောင်း ဦးစွာပြောလိုပါတယ်။ ကော်မတီအနေနဲ့ စုံစမ်းလေ့လာမှုပြုလုပ်ခြင်းဆိုတဲ့နေရာမှာ လွှတ်တော်ကော်မတီများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်နေသော လုပ်ငန်းများ၊ အကောင်အထည်ဖော်နေသော မူဝါဒများ၊ ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်ရန် အတွက် ပြည်သူလူထုနှင့် သက်ဆိုင်ရာကဏ္ဍမှ အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်၍ ဝန်ကြီးဌာနများကို အကြံပေးနိုင်ရန် ဆောင်ရွက်သည့်လုပ်ငန်းတစ်ခုလို့ ပြောထားပါ

တယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့ ကော်မတီ၏ လေ့လာတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များကို အထူးဂရုပြုအလေးအနက်ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာ အပိုဒ် ၉ (က)မှာ ကျောင်းသားအချို့နှင့် လိုက်လျောညီစွာ လုံလောက်သော ဆရာဆရာမများကိုလိုအပ်ခြင်းလို့ စုံစမ်းလေ့လာမှုတွေ့ရှိချက်မှာဖော်ပြထားပါတယ်။ စာသင်ခန်းတစ်ခုကောင်းမွန်စွာ စာသင်ကြားနိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန်အတွက် ဆရာကျောင်းသားအချိုးညီမျှမှုရှိရန် အရေးကြီးပါတယ်။ သို့သော်လည်း နေရာတိုင်းမှာ ဆရာဆရာမလိုအပ်ချက်များပြားနေတာကို တွေ့ရပါတယ်။ ဥပမာ-မိမိမဲဆန္ဒနယ်မှ အချို့သော ကျောင်းများတွင် ဆရာနှင့်ကျောင်းသားအချိုးမညီမျှပါ။ မူလတန်းအဆင့် ကျောင်းသား ၂၀၄ ဦးမှာ ဆရာမသုံးဦးနှင့် မဲဇာလီအခြေခံပညာအထက်တန်းကျောင်းတွင် လက်တွေ့သင်ကြားနေရပါတယ်။ ဆရာဆရာမမလုံလောက်၍ တင်ပြတောင်းခံနေသောကျောင်းများ အများအပြားရှိနေတာကို တွေ့ရပါတယ်။ အစီရင်ခံစာအပိုဒ် ၉ (ဂ)မှာ သင်ရိုးသစ်အတွက် သင်တန်းပို့ချမှုကာလတိုးတောင်းခြင်းနှင့် ဗဟိုအဆင့်တွင် တစ်ကြိမ်သာသင်ကြားပို့ချနိုင်မှုကြောင့် ဆရာဆရာမများအတွက် စဉ်ဆက်မပြတ်သင်ယူဖို့လိုအပ်တယ်လို့ ပါရှိပါတယ်။ မှန်ပါတယ်။ KG+12 သင်ရိုးညွှန်းတမ်းသစ်အတွက် ဆရာဆရာမများဟာ သင်တန်းပြီးတာနှင့်တစ်ကြိမ်တည်းပြီးရုံဖြင့် မလုံလောက်ပါ။ အချို့သောဆရာဆရာမများဟာ KG+12 သင်ရိုးညွှန်းတမ်းအား အလုံးစုံနားလည်မှု၊ ကျွမ်းကျင်မှုအားနည်းတာကိုလည်းတွေ့ရပါတယ်။ ဒါတွေဟာ ဘာကြောင့်ဖြစ်ရသလဲဆိုတာကိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်စိစစ်သုံးသပ်ဖို့ လိုအပ်ပါတယ်။ အချို့သောဆရာဆရာမတွေက သင်တန်းကာလမှာ ကြိုးစားသင်ယူသလို၊ အချို့က စိတ်ဝင်စားမှုအားနည်းတာတွေ တွေ့ရှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သင်တန်းကာလအတွင်း သင်တန်းတက်ရောက်တဲ့ ဆရာဆရာမတွေကို ခရီးစရိတ်၊ တည်းခိုစရိတ်နှင့် နေ့တွက်ကို ခေတ်နှင့်လျော်ညီစွာ လုံလောက်အောင် ထောက်ပံ့ပေးဖို့ လိုအပ်ပါတယ်။ သင်တန်းပြီးလို့ သင်တန်းတွင်း၊ သင်တန်းပြင်ပမှာ သင်ကြားနည်း သင်ခန်းစာ ပြင်ဆင်မှုများ ကောင်းမွန်တိုးတက်မှုရှိ/မရှိ အကဲဖြတ်အမှတ်ပေးဖို့လည်း လိုအပ်ပါတယ်။ အစီရင်ခံစာ အပိုဒ် ၉ (င)မှာ ဆရာဆရာမများ၊ မိဘအုပ်ထိန်းသူများသည် ပြောင်းလဲနေသော KG+12 ပညာရေးစနစ်ကို နားလည်းသဘောပေါက်မှု အားနည်းခြင်းကို ဖော်ပြထားပါတယ်။ ဆရာဆရာမများမှ နားလည်သဘောပေါက်သော်လည်း မိဘများဘက်မှ နားလည်မှုအားနည်းခြင်း၊ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းများ တွေ့ရပါတယ်။ သင်ရိုးသစ်မှာဘာသာရပ်များပြောင်းလဲ၍ ကျူရှင်စနစ်ပပျောက်ရန် ကြိုးစားနေသော်လည်း မိဘများက မူလတန်းအဆင့် ကျောင်းသားကအစ ကျူရှင်ထားနေရသည်ကို တွေ့ရပါတယ်။ KG, Grate 1 ကအစ အောက်မြေမှာကျူရှင်ထားနေ ကြပါတယ်။ ဒါတွေဟာ လက်ရှိပြောင်းလဲနေတဲ့ ပညာရေးစနစ်နှင့် လုံးဝလွဲမှားနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာအပိုဒ် ၆ (က)မှာ ဆရာဆရာမများခန့်ထားမှုနှင့် လေ့ကျင့်သင်ကြားပေးမှုများကို ဖော်ပြထားပါတယ်။ ဆရာဆရာမများခန့်ထားမှုနှင့်ပတ်သက်ပြီး အနည်းငယ် ဆွေးနွေးလိုပါတယ်။ ပညာရေးအဆင့်မြှင့်တင်ရန်လိုအပ်သည့် ကျောင်းများတွင် ကျွမ်းကျင်ဆရာဆရာမများကို ခန့်ထားရန်အတွက် ဘဏ္ဍာရေးနှစ်လုပ်ငန်းခွင်လိုမည့်မက်လုံးများ ပေးရန်လို့ကော်မတီမှ အကြံပြုထားပါတယ်။ ဒါတွေကိုလည်း လက်တွေ့ကျကျ အကောင် အထည်ဖော် ဆောင်ရွက်ဖို့တိုက်တွန်းအပ်ပါတယ်။ လက်ရှိဆရာဆရာမများ၏ဘဝဟာ သွားရေလာရေး၊ နေရေးထိုင်ရေးများစွာ အခက်အခဲများစွာနှင့် ရင်ဆိုင်ဖြေရှင်းနေကြရပါတဘ်။ အဓိက ဆရာဆရာမများနေထိုင်ဖို့ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးရန် လိုအပ်ပါတယ်။ ဆရာဆရာမ

များနှင့် ကျောင်းအုပ်များသည် တန်ဖိုးထားရသော ပညာရှင်များဖြစ်ပါတယ်။ သို့သော်လည်း အထက်အဆင့် ကိုကြောက်ရွံ့နေတာတွေ တွေ့ရပါတယ်။ ရာထူးတိုး၊ အပြောင်းအရွှေ့ လျှောက်ထားတဲ့နေရာမှာ လူမသိ၊ သူမသိ ထုတ်ဖော်မပြောရဲတဲ့ ပေးကမ်းမှုတွေရှိနေပါတယ်။

နိဂုံးချုပ်အားဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကို အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် အခြေခံပညာရေးအဆင့်မြင့်မားမှုသည် အဓိကအခန်းကဏ္ဍမှာ ပါဝင် နေသည့်အတွက် ကော်မတီအနေဖြင့် ဆရာဆရာမများ၏ လက်ရှိသင်ကြားသင်ယူမှုပြုလုပ်ရာတွင် အားနည်းချက်၊ အားသာချက်များကို အောက်ခြေအခြေခံပညာကျောင်းများအထိ သွားရောက်ပြီး လေ့လာဆန်းစစ်ပြီး ပညာရေးဝန်ကြီးဌာနအား အကြံပြုတိုက်တွန်းရန် ဆွေးနွေးရင်းကော်မတီ၏ အစီရင်ခံစာကို ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါ။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ကျွန်မအနေဖြင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီမှ တင်ပြလာ တဲ့ မျိုးဆက်သစ်များ၏ ပညာရေးအတွက် အခြေခံဆရာဆရာမများ၏ ကျွမ်းကျင်မှုများနှင့် လေ့လာ သင်ကြားမှုများဆိုင်ရာ စုံစမ်းလေ့လာမှုအစီရင်ခံစာကို ဖြည့်စွက်အကြံပြုဆွေးနွေးသွားမည့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုး ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် အစီရင်ခံစာနှင့်ပတ်သက်ပြီး ဖြည့်စွက်အကြံပြုချင်တဲ့ အချက်ကတော့ မျိုးဆက်သစ်များ၏ ပညာရေးအတွက် အဓိကအကျဆုံးဖြစ်တဲ့ ပညာရေးဝန်ထမ်း များရဲ့ လိုအပ်ချက်များဖြစ်ပါတယ်။ မျိုးဆက်သစ်ဆိုတာ ကျွန်မတို့ နိုင်ငံ၏အနာဂတ်ဖြစ်ပါတယ်။

အနာဂတ်မျိုးဆက်သစ်တွေကို ကောင်းမွန်စွာ ပညာသင်ကြားနိုင်ရေးအတွက် သင်ကြားပေးတဲ့ ဆရာဆရာမများရဲ့ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုများစွာ လိုအပ်ပါတယ်။ အထူးသဖြင့် ကျွန်မတို့ဒေသမှာဆိုရင် ပညာရေးဝန်ထမ်း တစ်ဝက်ကျော်လောက်က မြေပြန့်ဒေသမှ လာရောက်တာဝန်ထမ်းဆောင်တဲ့ အတွက်ကြောင့်မို့လို့ ၎င်းဆရာဆရာမများအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုပေးနိုင်တဲ့ အိမ်ရာ၊ အဆောက်အအုံလိုအပ်ပါတယ်။ ကျွန်မမြို့နယ်မှာ ကျောင်းပေါင်း ၁၀၀ ကျော်ရှိတဲ့အထဲမှ ဘယ်ကျောင်းမှ ဆရာဆရာမအတွက် လုံခြုံတဲ့ အိမ်ရာ၊ အဆောက်အအုံမရှိပါဘူး။ နယ်မြေမအေးချမ်းတဲ့ ဒေသဆိုရင် ပိုတောင်လိုအပ်မယ်ထင်ပါတယ်။

ဒါကြောင့်အစီရင်ခံစာပါအချက် ၄၅ မှာ ကျောင်းသူကျောင်းသားများအတွက်သာမက ကျောင်းဆရာဆရာမများအတွက် အင်မတန်အရေးကြီးတဲ့ အိမ်ရာ၊ အအောက်အအုံများလိုအပ်ကြောင်းကို တင်ပြချင်ပါတယ်။ အစီရင်ခံစာပါ ၃၀ ချက်ပါ ကျောင်းဆရာဆရာမများနှင့် ကျောင်းသားအချိုးများနှင့်ပတ်သက်ပြီး ဖြည့်စွက်အကြံပြုချင်ပါတယ်။ ကျွန်မမဲဆန္ဒနယ်မှာ ကျောင်းသူကျောင်းသားအချိုးနှင့်ဆရာဆရာမအချိုးတို့တောင် ယှဉ်ပြောလို့မရတဲ့ထက် ပိုပြီးအခြေအနေဆိုးတဲ့ ဆရာဆရာမအချိုးနဲ့ စာသင်ခန်းအချိုးတောင် မမျှပါဘူး။ ဥပမာ-မူလတန်းကျောင်းတစ်ကျောင်းလုံးမှာ ဆရာမနှစ်ယောက်ပဲရှိတာ၊ တစ်ယောက်ကမီးဖွားခွင့် ဒါမှမဟုတ်ရင် စားမေးပွဲသွားဖြေမယ်ဆိုရင် တစ်ကျောင်းလုံးမှာ ဆရာမတစ်ယောက်ပဲရှိတာမျိုးရှိပါတယ်။ ဒါတွေကိုဖြေရှင်း နိုင်ဖို့ဆိုရင် ပညာရေးဝန်ထမ်းများ မွေးထုတ်ပေးတဲ့အခါမှာ ပြည်နယ်အလိုက်အချိုးကျစနစ်ဖြင့် ဒေသခံများ ဦးစားပေးမွေးထုတ်သင့်ကြောင်းအကြံပြုလိုပါတယ်။ ဒါမှသာလျှင်ကျွန်မတို့ရင်ဆိုင် နေရတဲ့ တောင်ပေါ်ဒေသမှာ ဆရာဆရာမအခက်အခဲများ၊ ပြဿနာများကိုဖြေလျော့နိုင်မှာ ဖြစ်ပါတယ်။ အစီရင်ခံစာပါ စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်။ ဝန်ထမ်းမလုံလောက်တဲ့ ပြဿနာ၊ မီးဖွားခွင့်နှင့်ပတ်သက်ပြီး ပြဿနာစတဲ့ ပြဿနာများကို

ဖြေလျှော့နိုင်ဖို့ဆိုရင် အချိန်မီ အစားထိုးခန့်ထားနိုင်ဖို့ဆိုရင် မြို့နယ်အဆင့်မှာ တာဝန်ရှိတဲ့ဝန်ထမ်းများက စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များကို ကျွမ်းကျင်နားလည်တက်ကျွမ်းဖို့ အထူးလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ စီမံ ခန့်ခွဲမှုဆိုင်ရာဘာသာရပ်ကို အထူးသင်ကြား ပို့ချသင့်ကြောင်း အကြံပြုလိုပါတယ်။ ကော်မတီ အစီရင်ခံစာအချက် ၅၀ ပါအကြံပြုချက်ကို ဖြည့်စွက်အကြံပြုချင်တာကတော့ ယနေ့ခေတ်မှာ တစ်နေ့တခြားတိုးပွားလာတဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး ကလေး သူငယ်များလုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရေးအတွက် သင်ကြားပို့ချသည့် ဆရာဆရာမများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား အသိပညာပေးခြင်းများကို ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားနိုင်ရေး အတွက် စီမံချက်ချဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်မတို့မျိုးဆက်သစ်များ၏ ပညာရေးအတွက် ပညာရေဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာများရေးဆွဲတဲ့အခါမှာ တန်းတူညီမျှမှုရှိဖို့ လိုအပ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာန အနေဖြင့် မည်မျှပင်ကောင်းမွန်တဲ့ မဟာဗျူဟာတွေရေးဆွဲနေပါစေ ဝေးလံခက်ခဲကြမ်းတမ်းတဲ့ တောင်ပေါ်ဒေသမှာ အရည်အချင်းမပြည့်တဲ့ ဝန်ထမ်းများ၊ ပြစ်ချက်ရှိတဲ့ဝန်ထမ်းစေလွှတ်ခြင်း သည် ကျွန်မတို့ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ ကောင်းမွန်တဲ့အနာဂတ်ပညာရေးစနစ်ကို ဖော်ဆောင် နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဝန်ထမ်းများစေလွှတ်တဲ့အပိုင်း စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ပုဂ္ဂိုလ်များက စေတနာကောင်းမွန်ရန်လိုအပ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ရန်လိုအပ်ခြင်း၊ ဘက်လိုက်မှု ကင်းရန်လိုအပ်ပါတယ်။

နောက်ဆုံးအနေဖြင့် ကော်မတီကို အကြံပြုချင်တာကတော့ ခက်ခဲကြမ်းတမ်းတဲ့ တောင်ပေါ်ဒေသများတွင် ပြစ်ချက်ရှိတဲ့ဝန်ထမ်း၊ အရည်အသွေးမပြည့်ဝတဲ့ဝန်ထမ်းများ စေလွှတ်

ခြင်းသည် အစဉ်အလာတစ်ခုလိုဖြစ်နေပေမယ့် လက်သည်မပေါ်ဘူးဖြစ်နေပါတယ်။ ဆိုလိုတာက ဒီကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနက မပြုလုပ်ဘူးလို့ ကျွန်မ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့စဉ်က ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖြေကြားခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ကျင့်သုံးတဲ့ ကောင်းမွန်တဲ့မူဝါဒတွေကို ချပြဖြေကြားခဲ့ပါတယ်။ ဒီလောက်ကောင်းမွန်တဲ့မူဝါဒတွေကို ကျင့်သုံးနေပါလျက်နဲ့ ယခုထက်ထိမပြောင်းလဲဘူးဆိုလို့ရှိရင် လက်ရှိကျင့်သုံးနေတဲ့ ဝန်ထမ်းများခန့်ထားရေးဆိုင်ရာမူဝါဒပိုင်းတွေကို လေ့လာဆန်းစစ်ဖို့လိုအပ်နေပြီဖြစ်ကြောင်း ကော်မတီကိုအကြံပြုဆွေးနွေးလိုက်ရပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးက ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခုအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူလက်ခံရန်အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ပညာရေးမြှင့်တင်မှုကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးခမ်ခန့်ထန်(အတွင်းရေးမှူး၊ ပညာရေးမြှင့်တင်မှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူးဖြစ်သူ ချင်းပြည်နယ်၊ တွန်းဇံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမ်ခန့်ထန် ဖြစ်ပါတယ်။ ပညာရေးမြှင့်တင်မှု

ကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အားနည်းချက်၊ အားသာချက်များအပေါ် အပြုသဘောနှင့်ထောက်ပြဆွေးနွေးသွားတာကို အထူးကျေးဇူးတင်ရှိပါတယ်။ အဲဒီအားနည်းချက်များအပေါ် မိမိတို့ သက်ဆိုင်ရာကော်မတီအနေနဲ့ အနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင် ဖြည့်ဆည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၁ အရ လွှတ်တော်ကြီးက လက်ခံအတည်ပြုပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှ့ယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပညာရေးမြှင့်တင်မှုကော်မတီ၏ မျိုးဆက်သစ်များ၏ပညာရေးအတွက် အခြေခံဆရာဆရာမများ၏ ကျွမ်းကျင်မှုများနှင့် လေ့ကျင့်သင်ကြားမှုများဆိုင်ရာ စုံစမ်းလေ့လာမှုအစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၃း၀၀ နာရီအချိန်တွင်ရပ်နားပါသည်။]

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့

(၁၉.၁၁.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ





U Pe Duu

U Win Maw Tun




Dr Sein Mya Aye

U Win Maw Tun




U Tin Myint

U Khan Khant Htan




U Tin Myint

U Maung Myint




U Tin Myint

U Toe Thaung




U Tin Myint

U Sein Bo

pyithu.hluttaw.mm



U Tin Myint



U Yan Linn

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ
ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်